# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၄၀) ၊ ၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း ၁၀ ရက် ၊ ၈-၁-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံ ရေးဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနည်းပညာကဏ္ဍ၊ စိုက်ပျိုးရေး ကဏ္ဍနှင့်

**စာမျက်နှာ ၂၄ သို့** ☆

**သံအမတ်ခန့်အပ်လွှာပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI က ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ် ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၇

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့။

## ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုတစ်မျိုးတည်းကြောင့် နှစ်စဉ် လူဦးရေရှစ်သန်းကျော် သေဆုံးနေရပြီး အဆိုပါ လူဦးရေမှ ၁ ဒသမ ၂ သန်းသည် ကိုယ်တိုင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် မဟုတ်ဘဲ အခြားသောသူသောက်သုံးသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ရောဂါများဖြစ်ပွား၍ သေဆုံးနေရပြီး အများစုသည် အမျိုးသမီးနှင့် ကလေးငယ်များဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကိုလည်း ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာန ရုံးအမှတ်(၄)ရှိ Meeting Hall ၌ ကျင်းပသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်း(၁/၂၀၂၅)၌ ပြောကြားခဲ့သည်။

အများပြည်သူများအကြား ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုလျော့နည်းကျဆင်းရေးကို ရည်ရွယ်၍ ထုတ်ပြန်ကြေညာခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အမိန့်စာကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အမိန့်စာပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းရှင်များဘက်မှ လိုက်နာဆောင်ရွက်ရန်ကိစ္စများကိုလည်း အထူးအလေးထားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)ဒေါက်တာ ကျော်ကံကောင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

သို့ဖြစ်ရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သူများသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဈေးကွက်ရှာဖွေရန်ခက်ခဲလာသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပစ်မှတ်ထားဈေးကွက်ချဲ့ထွင် လာကြသည်။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာစားခြင်းကဲ့သို့သော ဆေးရွက်ကြီး သုံးစွဲမှု အဆမတန်များပြားလာသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား (၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်



**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၁၀၀ စည်း၊ မုန်လာဥ ၃၀၀ စည်း၊ ခရမ်းသီး ၂၀၀ ထုပ်တို့ကို ဘဏ္ဍာရေးဌာန ဝန်ထမ်း ၆၉ ဦး၊ လမ်းတံတားဌာနရှိ ဝန်ထမ်း ၁၂၈ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦး၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ရှိ ဝန်ထမ်း ၄၂ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနစုမှူး ဒေါ်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

၀-၀-၀



## ခရိုင်အဆင့်လူ့ရည်ချွန်ရွေးချယ်ရေးစာမေးပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်အဆင့် လူ့ရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ယနေ့ နံနက် ၉ နာရီက အ·ထ·က(၁)တွင် ကျင်းပရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စာမေးပွဲတွင် ပထမနေ့အဖြစ် မြန်မာစာဘာသာရပ်ကို ခရိုင်အတွင်းရှိ Grade-9 ကျောင်းသား၊ ကျောင်းသူ ၈ ဦး၊ Grade-10 ကျောင်းသား၊ ကျောင်းသူ ၈ ဦး၊ Grade-11 ကျောင်းသား၊ ကျောင်းသူ ၈ ဦးနှင့် Grade-12 ကျောင်းသား၊ ကျောင်းသူ ၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး ဝင်ရောက်ဖြေဆိုကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးကျော်ဇေယျ၊ အဖွဲ့ဝင်(၃) ဦးနိုင်ဝင်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်နှင့် ကျောင်းအကျိုးတော်ဆောင် မိဘကိုယ်စားလှယ်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၅၃)

၀-၀-၀-၀-၀

## သုခမရင်ပြင်စာပေဂုဏ်ပြုဆုများ ကြေညာ

**မန္တလေး ဇန်နဝါရီ ၇**

စာပေစေတမန်၊ သုခမရင်ပြင် စာပေက ပြုလုပ်သည့် ရသဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိသူများ အမည်စာရင်းအား ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သုခမရင်ပြင်စာပေဆုစာရင်း စီစဉ်သူထံက သိရသည်။ အဆိုပါ ဆုစာရင်းတွင် ပိုင်ပိုင်"မသာမ၊ သူ"၊ နီတာ့ကို"တောင်ဆီမှာ တိမ်လိပ်တွေပြိုစဉ်က"၊ မောင်စူးရှ-အနောက်ရိုးမ "အသက်သခင်ကျေးဇူးရှင်"၊ ပန်းပျိုးအိမ်-ကျိုက်လတ်"ရင်မှာတင်မိတဲ့ကမ္ပည်း"၊ ဇော်မြင့်မိုရ်-မီးရထား"စွေသောမိုးငိုသောမျက်ရည်"၊ ရွှေရည်ပွင့်ခြယ်"ရေကိုထမ်းရသော ပွင့်ချပ်"၊ ပြည့်ထူး-မင်းဘူး"ဒဏ်"၊ ကိုအေးချမ်း-ရာမောင်မြေ "ဤမှန်ကန်သောသစ္စာစကားကြောင့်"တို့ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**ရေနံချောင်း ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအေးဝင်းက ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

(ယာပုံ)



ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် စာပေ၊ ဂီတ၊ အားကစားစသည့် ကာယ၊ ဉာဏပြိုင်ပွဲအသီးသီးတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၄၇၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ဒယ်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတ မစ္စရိုဆာရီယိုမူရီလိုတို့ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံသားများအားလုံး ကြွယ်ဝချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်း၊ ကျန်းမာသုခနှင့်ပြည့်စုံ၍ လွတ်လပ်သာယာပါစေကြောင်း နီကာရာဂွါနိုင်ငံမှ ဆုမွန်ကောင်းပို့သအပ်ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ညီရင်းအစ်ကိုပမာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်ခိုင်မာလာစေရန် ထပ်လောင်းဆန္ဒပြုအပ်ပါသည်။

လေးစားချစ်ခင်ရပါသော ညီအစ်ကိုရင်းချာဝန်ကြီးချုပ်ခင်ဗျာ၊ မြန်မာပြည်သူများအတွက် ပေးပို့သော နီကာရာဂွါပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် မြန်မာပြည်သူများထံသို့ မိမိကိုယ်တိုင်နှင့် လာအိုနိုင်ငံပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ ရင်းနှီးသည့်ဆက်ဆံရေးနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် မိမိတို့၏လက်တွဲဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုအတွက်သာမက ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးတည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့အတွက်ပါ လာမည့်နှစ်များစွာတိုင် ပိုမိုခိုင်မာတိုးတက်လာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော် ကျန်းမာရွှင်လန်းပျော်ရွှင်ပြီး အဆွေတော်၏ အလုပ်တာဝန်များထမ်းဆောင်ရာ၌ အောင်မြင်မှုများရရှိပါစေကြောင်းနှင့်မြန်မာပြည်သူများအားလုံး သာယာဝပြောမှု အဓွန့်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်းဆီဖန်ဒုံထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရထံသို့ နွေးထွေးသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော်ကာလအတွင်း နှစ်နိုင်ငံအကြား၌ ကောင်းမွန်ပြီး အစဉ်အလာရှိသော ဆက်ဆံရေးမှာ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်သာမက နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နှစ်နိုင်ငံနှင့် ကမ္ဘာ့စုံမူဘောင်အတွင်းရှိ မိမိတို့၏ ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတို့ တိုးတက်ခိုင်မာစေရေး အဆွေတော်နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်အနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏ ပိုမိုကြီးပွားတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဦးစီးဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စ ပါနီး ယာထော်တူးထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူတစ်ရပ်လုံးထံသို့ နွေးထွေးသည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နောင်လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ကောင်းမွန်သောအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ကာလကြာရှည် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံနှင့် ကမ္ဘာ့စုံမူဘောင်များမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ တိုးတက်သာယာဝပြောရေးအတွက်သာမက အာဆီယံအသိုက်အဝန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင်ပါ ပိုမိုခိုင်မာလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်အနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ကြီးမြတ်သော လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းများထံသို့ မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆယ်စုနှစ် ခုနှစ်ခုကြာကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုတို့သာမက နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ထိုသို့ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နောင်လာမည့်နှစ်များတွင် ဆက်လက်တိုးတက်လာမည်ကို မိမိခိုင်မာစွာယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံ၊ ပြည်သူများနှင့် ဝန်ကြီးဌာနများအကြား အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်လာရေးအတွက် အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်ထံသို့ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းများအားလုံး ကျန်းမာရွှင်လန်းပျော်ရွှင်ပြီး အလုပ်တာဝန်များထမ်းဆောင်ရာ၌ အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် အစည်းအဝေး (၁/၂၀၂၅) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၇

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




## တက်ရောက်

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြပြီး ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာ နိုင်ငံတော်အနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ(၂)ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကော်မရှင်အဖွဲ့ဝင်များနှင့် ပညာရှင်များ၏ တတ်သိ ကျွမ်းကျင်မှုများဖြင့် ခေတ်စနစ်နှင့်လျော်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း (Development Trends) ရရှိနိုင်ရေးနှင့် လတ်တလော အောင်မြင်စွာ ဖြေရှင်းနိုင်မည့် ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများ တိုင်ပင်ညှိနှိုင်း အဖြေရှာသွားကြရမည်ဖြစ်ပါကြောင်း။

ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ပိုမိုဝင်ရောက်လာစေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ရရှိရေးသည် အရေးကြီးသည့်အခြေခံအဆောက်အအုံ(Infrastructure) ဖြစ်နေသည့်အတွက် ကဏ္ဍ(၂)ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ရန် ကော်မရှင်ကို ဖွဲ့စည်းပေးရခြင်း ဖြစ်ပါကြောင်း။

## အဓိကမှီခိုနေရ

လျှပ်စစ်ကဏ္ဍတွင် မိမိတို့နိုင်ငံရှိ လျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်အမျိုးမျိုးရှိရာ ရေအားနှင့် သဘာဝဓာတ်ငွေ့တို့အပေါ် အဓိကမှီခိုနေရကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) အသုံးပြုမှုကို ယခုထက်ပိုမိုတွင်ကျယ်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်လျက်ရှိသည့် အတွက် သဘာဝဓာတ်ငွေ့ရည် (LNG)သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအနေအထားအရ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အကြမ်းဖက် ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးပို့မရခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းခြင်း၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းများကြောင့် လျှပ်စစ်ဓာတ်အား အပြည့်အဝ မထုတ်လုပ်နိုင်သည့် အပြင် သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီးရေလျှံခြင်းများကြောင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ လည်ပတ်မောင်းနှင်၍ မရသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသော ကာလဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတွင်လည်း ရရှိသမျှ လျှပ်စစ်ဓာတ်အားနှင့် အချိန်လိုက် အုပ်စုခွဲပြီး လျှပ်စစ်ဓာတ်အား သုံးသူများကို တတ်နိုင်သလောက် အဆင်ပြေချောမွေ့အောင် ဖြန့်ဖြူးပေးနေပါကြောင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဖိတ်ခေါ်ဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံသူကို ဆွဲဆောင်နိုင်ပြီး အကာအကွယ်ပေးနိုင်သည့် မူဘောင်များဖြစ်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မကွေးတိုင်းဒေသကြီး ခရီးစဉ်အတွင်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ရေဝတီမြစ်ရေကိုထိန်း၍ ရသည့်နေရာများ၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အနိမ့်တမံများ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပါကြောင်း၊ ရေဝတီမြစ်အတွင်း အနိမ့်တမံများ တည်ဆောက်၍ လျှပ်စစ်ထုတ်ယူနိုင်သည့် နေရာ ၁၆ ခုရှိပြီး ဦးစားပေး လေးနေရာ အနက်မှ အသင့်လျော်ဆုံး တစ်နေရာအား အကျိုးအပြစ်များနှင့် အတူ ပြန်လည်တင်ပြရန် လမ်းညွှန်မှုပြုထား၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပညာရှင်များမှ အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း။

နိုင်ငံတကာတွင်လည်း ဆိုလာစွမ်းအင်ကို ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာတွင် ကျင့်သုံးနေသည့်နည်းတူ Renewable Energy အား အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး အဆောက်အအုံသစ်များ တည်ဆောက်မည်ဆိုပါက ဆိုလာစနစ်ပါ တပ်ဆင်အသုံးပြုရေးနှင့် ပိုလျှံလျှပ်စစ်များအား National Grid အတွင်း ပေးသွင်းနိုင်ရေး အတွက် ဥပဒေ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်အထိ ဆောင်ရွက်သွားရမည် ဖြစ်၍ အားလုံးက အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း။

## ပြန်လည်အဆင့်မြှင့်တင်

စွမ်းအင်ကဏ္ဍအနေဖြင့်လည်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်သစ်များ၊ လုပ်ကွက်ဟောင်းများ ပြန်လည်အဆင့်မြှင့်တင်ခြင်းများ၊ ရေနံချက်လုပ်ခြင်း လုပ်ငန်းများ အတွက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်၍ ဆောင်ရွက်သင့်သည် များကို အကြံပြု ပေးစေလိုပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်သည် ယခုထက်ပိုပြီး ဆက်လက်မြင့်တက်နေဦးမည် ဖြစ်၍ လုံလောက်ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာ လက်ရှိဆောင်ရွက်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အနာဂတ်အစီအစဉ်များကို တင်ပြသွားကြစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့် စွမ်းအင် ထုတ်ယူသုံးစွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ နောင်ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးများက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အားရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့၌ ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၇

ပဉ္စမအကြိမ်မြောက်လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လားဟူတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပဉ္စမအကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်သစ်ကူးပွဲတော် ဂုဏ်ပြုအမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် လားဟူတိုင်းရင်းသားရိုးရာလက်ဆောမင်္ဂလာဆောင်ရွက်ကြပြီး လားဟူတိုင်းရင်းသားများကိုယ်စား မိုင်းဆတ်လားဟူစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ် ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧရာဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ် ရုံးများတွင် သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများနှင့် ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံတမန် ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံး တာဝန်မှာ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရှိသေရန် မှာကြားလိုကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ တစ်ဦးချင်းအလိုက် နေထိုင်ကျင့်ကြံရမည့် အပြုအမူများ၊ ကြိုးစား အားထုတ်မှုများကို ဆင်ခြင်ဉာဏ်သုံး၍ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သွားရောက် တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကို ကြိုတင်လေ့လာသွားရန်လိုအပ်ပြီး ထိုသို့သိရှိမှသာ တာဝန်ထမ်းဆောင်မှုတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပြီး သံတမန်ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရောက်ရှိသည့်နိုင်ငံတွင် မြင်တွေ့ရသည့် ဖြစ်ပေါ်တိုးတက်မှုများကို နမူနာယူ၍ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူတတ်ရန်လိုကြောင်း၊ သံတမန်ဖြစ်သည့်အတွက် Negotiation Skill ကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုကြောင်း၊ သံတမန်များလိုက်နာရမည့် စည်းကမ်း၊ နေထိုင်သွားလာမှုများကို သတိပြုရန်ဖြစ်ကြောင်း၊ သံတမန် အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို အကျိုးရှိရှိ ထိန်းသိမ်း ဆောင်ရွက်ရန်နှင့် လွဲမှားစွာ အသုံးမချရန်လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် မှန်ကန်သည့် ကြိုးစားအားထုတ်မှုဖြင့် အသိအမှတ်ပြုဂုဏ်ပြုခံရအောင် ကြိုးစားရန်လိုအပ်ပြီး ကြိုးစားမှုအပေါ် မူတည်ပြီး နိုင်ငံတော်က ဘွဲ့ထူးဂုဏ်ထူး၊ ဆုတံဆိပ်များ ချီးမြှောက်ပေးလျက်ရှိကြောင်း။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အမှာစကား ပြောကြားစဉ်။

သံတမန်တစ်ဦး အနေဖြင့် သံခင်းတမန်ခင်း ကျွမ်းကျင်မှု အပြင် ညှိနှိုင်းဆွေးနွေးမှု၊ နည်းနာကျွမ်းကျင်မှုနှင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ဘာသာစကားကိုပါ တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာ သင်ယူစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိစေလိုကြောင်း၊ အလုပ်တစ်ခုကို လုပ်ဆောင်မည်ဆိုပါက တစ်ဦးတစ်ယောက်အားထက် အများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ရခြင်းသည် လုပ်ငန်းကို ပိုမိုထိရောက်ခရီးရောက်စေသည့် အတွက် ညီညွတ်မှုရှိကြရန် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ထိတ်လန့်မှုဖြစ်ရန်မလို၊ ညွှန်ကြားချက်များကို လိုက်နာ၍ ပူးပေါင်းရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၇

ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ အဆင့်မြင့်အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ရောဂါနှိမ်နင်းရေးတပ်နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစား ပါမောက္ခ ဆရာကြီး ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်းရာသီကာလတွင် အသက်ရှုလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ အဖြစ်များလေ့ရှိပြီး လတ်တလောတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့တွင် အသက်ရှုလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိသည့် သတင်းများ ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သတင်းထုတ်ပြန်ချက်အရ လတ်တလောဖြစ်ပွားမှုများတွင် ရာသီတုပ်ကွေး (Influenza A H1N1) ရောဂါသည် ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်းနှင့် အခြားအသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပိုးများဖြစ်သည့် rhinovirus, respiratory syncytial virus, mycoplasma pneumonia နှင့် Human Metapneumovirus (HMPV) များ ပါဝင်ကြောင်း။

HMPV ရောဂါပိုးသည် ကိုဗစ်-၁၉ ရောဂါနှင့်မတူဘဲ ယခင်ကတည်းက ဖြစ်ပွားနေခဲ့သော ရောဂါပိုးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဆေးသုတေသနဦးစီးဌာနတို့မှ ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းများအရ နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားမှုရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်နှင့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်များတွင် ပြုလုပ်ခဲ့သော သုတေသနအချက်အလက်များအရ ပြင်ပလူနာကုဌာနများသို့ လာရောက်ပြသကုသမှု ခံယူခဲ့သူများတွင်လည်း အဆိုပါ HMPV ရောဂါပိုး ကူးစက်ဖြစ်ပွားခဲ့မှုများရှိသည်ကိုတွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ HMPV ရောဂါပိုးသည် ရာသီဥတုအလိုက် ကူးစက်ဖြစ်ပွားမှုရှိနေခဲ့ပြီးဖြစ်သဖြင့် အဆိုပါ ရောဂါပိုးနှင့်ပတ်သက်၍ မိမိတို့ပြည်သူများအတွင်း ကိုယ်ခံအားစနစ်ရှိနေပြီးဖြစ်မည်ဟု သုံးသပ်ယူဆရနိုင်ပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့်ဒေသတွင်း ရောဂါဖြစ်ပွားမှုအခြေအနေသတင်းအချက်အလက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် အကြံပြုချက်များအား စဉ်ဆက်မပြတ်ရယူ၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ထိတ်လန့်မှုဖြစ်ရန် မလိုပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာ၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်းက ဆောင်းရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများနှင့်ပတ်သက်၍ ပြည်သူလူထုမှ ကျန်းမာရေးသတင်းအချက်အလက်များ မှန်ကန်စွာရရှိစေရေး၊ ရောဂါဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းတို့အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံတကာနှင့် ဒေသတွင်းရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗန်ကောက်မြို့အခြေစိုက် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗန်ကောက်မြို့အခြေစိုက် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nassereddin HEIDARI အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီရန် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

# ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း(၂၀၂၅-၂၀၂၉) စာအုပ်မိတ်ဆက်ပွဲနှင့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၇

ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉) မိတ်ဆက်ပွဲနှင့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ဥပဒေအကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဥပဒေချုပ်များ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ပထမဆုံး မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉)ကို တရားဥပဒေစိုးမိုးရေးဆီသို့ “Moving Forward to the Rule of Law” ဟူသည့် ဆောင်ပုဒ်ဖြင့်လည်းကောင်း၊ ဒုတိယမြောက် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)ကို တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု “Providing Legal Services for Justice” ဟူသည့် ဆောင်ပုဒ်ဖြင့်လည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့ရာ စီမံကိန်းများ အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ပြီး ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်မည့် တတိယမြောက် မဟာဗျူဟာစီမံကိန်းကို “ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်” “Building Legal Trust for the People” ဟူသည့် ဆောင်ပုဒ်ချမှတ်ခဲ့ပြီး ပန်းတိုင် ၅ ရပ်၊ မဟာဗျူဟာအစီအစဉ် ၆၃ ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၅) ဖွင့်ပွဲနှင့်စပ်လျဉ်း၍ ယခုသင်တန်းကို ဥပဒေရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနများက ဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာကိစ္စရပ်များအပြင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများ သိသင့်သိထိုက်သည့် ဘာသာရပ်များကို ထည့်သွင်းပို့ချပေးမည် ဖြစ်ကြောင်း၊ သင်တန်းတက်ရောက် အောင်မြင်သည့်သင်တန်းသားများကို ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဆင်း လက်မှတ် (Certificate of Legal Advocacy-CLA) ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ယင်းလက်မှတ်သည် ပညာအရည်အချင်းတွင် ထည့်သွင်းဖော်ပြနိုင်သည့် အသိအမှတ်ပြုလက်မှတ် တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်က မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယပါမောက္ခချုပ် အဆင့်ရှိ သင်တန်းသား ၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ မတ် ၂၈ ရက်အထိ ရက်သတ္တ ၁၂ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရတနာပုံ(မန္တလေး)နန်းမြို့တော်အတွင်းရှိ တံခါးနီမြို့ရိုးကို ပြန်လည်ဖော်ထုတ်သုတေသနပြု တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မန္တလေး ဇန်နဝါရီ ၇

မင်းတုန်းမင်းကြီးမြို့တည်ခဲ့သည့် ရတနာပုံ(မန္တလေး)နန်းမြို့တော်အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကို မြို့ရိုးငါးထပ်ဖြင့် ကာရံထားရာ တိမ်မြုပ်ပျောက်ကွယ်နေသည့် တံခါးနီမြို့ရိုးကို ပြန်လည်ဖော်ထုတ် သုတေသနပြု တူးဖော်ရေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစတင်ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)ဌာနခွဲမှ သိရသည်။



အဆိုပါ တံခါးနီမြို့ရိုးမှာ ဘုရင်မင်းမြတ်စံမြန်းရာ မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ နောက်ဆုံးခံစည်းအဖြစ် မင်းတုန်းမင်းကြီးက မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်တွင် တံခါးနီမြို့ရိုးကို စတင်အုတ်မြစ်ချတည်ဆောက်ခဲ့သည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက ပြောသည်။

“မင်းတုန်းမင်းကြီးက ရတနာပုံနန်းမြို့တော်ကို မြို့ရိုးငါးထပ်နဲ့ တည်ခဲ့တယ်။ အပြင်မြေမြို့ရိုး၊ ကျုံးကာရံထားတဲ့ အုတ်မြို့ရိုးရှိမယ်၊ သစ်တပ်မြို့ရိုး၊ အတွင်းမြို့ရိုးနဲ့ တံခါးနီမြို့ရိုးတွေ ဖြစ်ပါတယ်။ အခုသုတေသနပြုတူးဖော်နေတဲ့ တံခါးနီမြို့ရိုးကြီးက မြနန်းစံကျော်ရွှေနန်းတော်ရဲ့ နောက်ဆုံးခံတပ်မြို့ရိုးလို့ ပြောလို့ရတယ်။ ပေ၊ ပုရပိုက်အထောက်အထားတွေအရ ရွှေနန်းမြို့တော်၊ အတွင်းမြို့ရိုးကနေ ပေ ၅၀၀ ခန့်အကွာမှာ တံခါးနီမြို့ရိုးရှိတယ်ဆိုတဲ့ မှတ်တမ်းတွေအရ တူးဖော်ခဲ့ရာမှာ မလွယ်ပေါက်ကို စတွေ့ပါတယ်။ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ရာမှာ ကွင်းဆင်းတယ်၊ တိုင်းတာတယ်။ စမ်းသပ်ကျင်းတွေ တူးပြီး ပြန်လည်ဖော်ထုတ်တူးဖော်မှုကို လုပ်ဆောင်ပါတယ်”ဟု ၎င်းကပြောသည်။

တံခါးနီမြို့ရိုး၏ သမိုင်းအထောက်အထားများအရ မူလက အရှည်ပေ ၁၀၀၀ ကျော်ခန့်နှင့် အမြင့် ၁၆ ပေခန့်ရှိခဲ့ရာမှ ပြန်လည်တူးဖော်ရေး လုပ်ဆောင်ချိန်တွင် အောက်ခြေအုတ်မြစ်မှ အမြင့်သုံးပေခန့်သာ တွေ့ရှိတော့ကြောင်းနှင့် လက်ရှိတွင် လမ်း၏ မြောက်ဘက် ၇၅ ပေနှင့် တောင်ဘက် ၇၅ ပေ အရှည်ထိ သုတေသနပြုတူးဖော်ထားပြီး မူလကပါဝင်သည့် စွယ်ရန်း (တံခါးအစောင့်ဝန်ထမ်းများ နေထိုင်ရာနေရာ)ကိုလည်း တွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သုတေသနပြုတူးဖော်သည့် လုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မူလလက်ရာမပျက် ရှေးမူအတိုင်း အများပြည်သူ ကြည့်ရှုလေ့လာနိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Winter Ahead MV ကို လွှင့်ခဲ့သော နှစ်နှစ်က ပြင်သစ်တွင် ရိုက်ကူးထားခြင်း ဖြစ်

၂၀၂၄ခုနှစ်တွင် ထွက်ရှိလာသည့် ဒီဇင်ဘာလအမီ Winter Ahead MV မှာ လွှင့်ခဲ့သော နှစ်နှစ်က BTS အဖွဲ့ဝင် V က ပြင်သစ်တွင် ရိုက်ကူးထားခြင်းဖြစ်ပြီး ပြင်သစ်မော်ဒယ်လ်နှင့်အတူ ပါဝင်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂီတMV teaser ထွက်ရှိလာရာ အပိုင်းတစ်မှာ လက်ရှိ အခြေအနေနှင့် အပိုင်းနှစ်မှာ အတိတ်မှ အခြေအနေဖြစ်ကာ ဂျပ်ဇ်အဆိုတော်ကြီး Bing Crosby နှင့်ဗွီ၏ ဘယ်သံနှင့် ပတ်ဟိုရှင်းကာပါ ပါဝင်အားဖြည့်ထားသည်။

ယင်းဗီဒီယိုဂီတအခွေသည် US Tidal Daily Top Video Chart ၌ ထိပ်ဆုံးနံပါတ်တစ်စာရင်းဝင်ခဲ့ကာ နိုင်ငံအနှံ့အောင်မြင်မှုများစွာ သိမ်းပိုက်ထားကာ Shinsegae Square ၏ ဝန်ထမ်းတစ်ဦးကပါ ချီးကျူးမှတ်ချက်တင်ပေးထားကာ ဘင်ခရော့ခ်၏ သားနှင့်သမီးကလည်း ဂျပ်ဇ်ဂီတကိုမြတ်နိုးသူ ဗွီကို ကျေးဇူးတင်စကားပြောကြားထားကြသည်။ **(SKY)**

## Cat and Dog ဟာသရသစုံလင်သည့် ရုပ်ရှင်ဖြစ်

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် Cat and Dog ရုပ်ရှင်မှာ ဟာသရသစုံလင်စွာ ကြည့်ရှုရမည့် ရုပ်ရှင်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ရတနာပြတိုက်ထဲမှ ပတ္တမြားခိုးယူမှုမှ စတင်ထားကာ ခွေးလေးတစ်ကောင်က မြိုချလိုက်၍ နယူးယောက်ခ်မြို့သို့ ထွက်ပြေးလာခဲ့ရာမှ နယူးယောက်ခ်သို့ ကြောင်လေးနှင့် အလည်ထွက်လာသော အမျိုးသမီးနှင့်ဆုံခဲ့ကြသည်။




လေယာဉ်ပေါ်တွင် ဆုံကြရင်း ခွေးလေးနှင့်ကြောင်လေး ပျောက်သွား၍ နှစ်ဦးသားပူးပေါင်းရှာဖွေရာမှ အလွဲပေါင်းများစွာနှင့် ဟာသရသစုံလင်စွာ ရိုက်ကူးတင်ဆက်ထားသည့် ဇာတ်ကားကောင်းဖြစ်ပြီး တိရစ္ဆာန်ချစ်သူများအတွက် လက်မလွှတ်သင့်သည့် ဇာတ်ကားကောင်းဖြစ်ခဲ့သည်။ **(SKY)**

## SS501 မှ Kim Hyun Joong ၏ Smile in Wine သီချင်းမှာ ငယ်ချစ်ဦးဇနီးအတွက် စပ်ဆိုထား

အက်ဖ်ဖိုးချစ်သူသရုပ်ဆောင်၊ အက်စ်အက်စ်ဖိုက်ဇီးယိုးဝမ်း အဆိုတော်ကင်ဟွမ်ဂျောင်း၏ Smile in Wine သီချင်းမှာ ငယ်ချစ်ဦးဇနီးအတွက် စပ်ဆိုထားခြင်းဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဟွမ်ဂျောင်းက ခုနစ်တန်းနှစ်တွင် ငယ်ချစ်ဦးကို Soondae သွားစားရင်းတွေ့ခဲ့ပြီး သဘောကျခဲ့၍ ဆိုင်ကို နှစ်နှစ်ခွဲသွားခဲ့ရာမှ သုံးခါသာ တွေ့ခဲ့ရကာ အထက်တန်းတွင် အတူတွဲရင်း မွေးနေ့တူ(၁၃)ဂဏန်းဖြစ်ပြီး အချစ်ဦးဖြစ်ခဲ့ကာ အက်စ်အက်စ်ဖိုက်ဇီးယိုးဝမ်းအဖွဲ့နှင့် ပွဲဦးထွက်ခဲ့ပြီး ကွဲကွာသွားခဲ့သည်။

ကင်ဟွမ်ဂျောင်းအအောင်မြင်ဆုံးအချိန်တွင် ကံကြမ္မာဖန်လာ၍ အမှောင်မိုက်ဆုံးကာလကို ဖြတ်သန်းရချိန် ဘေးနားတွင် အားပေးဖော်ငယ်ချစ်ဦးသာရှိခဲ့၍ လက်ထပ်ခဲ့ကာ Smile in Wine သီချင်းကို ရေးသားခဲ့ခြင်းဖြစ်သည်ဟု အင်တာဗျူးတွင် ပြောကြားထားသည်။

လက်ရှိ ကင်ဟွမ်ဂျောင်းသည် သားလေးတစ်ဦးနှင့် ပျော်ရွှင်ဖွယ်အိမ်ထောင်ရေးကို တည်ဆောက်ထားပြီး အနုပညာလုပ်ငန်းများ လုပ်ကိုင်နေဆဲ ဖြစ်သည်။ **(SKY)**



## Jawan မင်းသမီး Nayamthaya အနုပညာသက်နှစ်ဆယ်တွင် ရုပ်ရှင်ခုနှစ်ဆယ်ကျော် ရိုက်ကူးထား

ဘောလိဝုဒ်မင်းသမီး Jawan ဇာတ်ကားနှင့် နာမည်ကြီးခဲ့သူ နာရန်သာရာသည် အနုပညာသက်နှစ်ဆယ်အတွင်း ရုပ်ရှင်ဇာတ်ကားပေါင်းခုနစ်ဆယ်ကျော် ရိုက်ကူးထားပြီး အကယ်ဒမီငါးဆုပိုင်ရှင်ဖြစ်သည်။

နာရန်သာရာသည် အမည်ရင်း ဒိုင်ယာနာဖြစ်ပြီး အသက် ၂၆နှစ်မှ ဘာသာပြောင်းခဲ့ပြီးနောက် အမည်ပြောင်းခဲ့ခြင်းဖြစ်ကာ လက်ရှိ အသက် ၄၀ ပြည့်ပြီ ဖြစ်သည်။

အိန္ဒိယတောင်ပိုင်း အနုပညာရှင် အကဘုရင် ပရ်ဘူးနှင့် သုံးနှစ်ကျော် တွဲခဲ့ပြီးနောက် ပရ်ဘူးက ပထမဇနီးနှင့် ကွာရှင်းကာ လက်ထပ်မည့် သတင်းထွက်ခဲ့ပြီးနောက် လမ်းခွဲခဲ့ကြသည်။

နာရန်သာရာမှာ ဒါရိုက်တာ ဗင်နပ်ချ်နှင့် ၂၀၂၂ခုနှစ်တွင် လက်ထပ်ခဲ့ကာ သားအမြွာလေးနှစ်ဦးကို အငှားကိုယ်ဝန်နှင့် မွေးခဲ့ပြီး အနုပညာလုပ်သက်နှစ်ဆယ်တွင် ရုပ်ရှင်ဇာတ်ကားပေါင်းခုနစ်ဆယ်ကျော် ရိုက်ကူးထားပြီး အကယ်ဒမီဆု ငါးဆု ပိုင်ဆိုင်ထားသည်။ **(SKY)**





## အချိုရည်များထဲတွင် ပါဝင်သော သကြားဓာတ်ကြောင့် တစ်ကမ္ဘာလုံး၌ ဆီးချိုနှင့်နှလုံးရောဂါ တိုးမြင့်ခံစားနေရ

အချိုရည်သောက်သုံးခြင်းကြောင့် ခံစားရလေ့ရှိသော ရောဂါများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု ဘော့စတွန်မြို့ရှိ တပ်ဖ်တက္ကသိုလ်မှ ဒါရီအတ်ရှ်မိုဇတ်ဖာရီယန် ဦးဆောင်သော အာဟာရပညာရှင်များ စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အချိုရည်များထဲတွင် ပါဝင်သော သကြားဓာတ်ကြောင့် တစ်ကမ္ဘာလုံး၌ ဆီးချိုနှင့်နှလုံးရောဂါ တိုးမြင့်ခံစားနေရသည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း နေချားဆေးပညာဂျာနယ်တွင် ထိုသုတေသီများ စာတမ်းရေးသားတင်ပြခဲ့သည်။

အထူးသဖြင့် ကိုလံဘီယာ၊ မက္ကဆီကိုနှင့်တောင်အာဖရိက နိုင်ငံများတွင် အချိုရည်ကြောင့် ဆီးချိုအမျိုးအစား၂နှင့် နှလုံးရောဂါဖြစ်ပွားသူဦးရေ သိသာစွာ တိုးပွားလာကြောင်း ဦးဆောင်သုတေသီဒါရီအတ်ရှ်မိုဇတ်ဖာရီယန်က ရှင်းလင်းပြောကြားသည်။

ထိုရောဂါနှစ်မျိုးကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် လူအသေအပျောက်အများဆုံးဖြစ်ကြောင်း သိရသည်။ SCI

## Lighting Store @ Light Shop က တမလွန်စပ်ကြား လမ်းခုလတ်အကြောင်းရိုက်ကူးထား

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် ရုပ်ပြဇာတ်လမ်းရေးဆွဲသူ၊ ဇာတ်လမ်းဇာတ်ညွှန်းဖန်တီးသူ ကင်ဒိုယွန် ကလောင်အမည် ကန်ဖူ၏ Lighting Store @ Light Shop မှာ တမလွန်စပ်ကြား လမ်းခုလတ်အကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၇၄ခုနှစ်ဖွား ကင်ဒိုယွန်သည် အသက်ငါးဆယ်ရှိပြီဖြစ်ကာ ၃၇ခုနှစ်မှစ၍ ရုပ်ပြဖန်တီးမှု စတင်ခဲ့ကာ Lighting Store @ Light Shop ကို အပိုင်းရှစ်ပိုင်းနှင့် ဒစ်စနေးမှ ဖြန့်ချိကာ ကိုရီးယားရုပ်သံတင်ဆက်မှုမှ ခပ်ပါးပါး ဖောက်ထွက်ခဲ့သည်။

၂၀၁၁ခုနှစ်တွင် ထွက်ရှိထားသည့် Lighting Store အွန်လိုင်းရုပ်ပြကို ၂၀၂၄ ခုနှစ်တွင် Light Shop ရုပ်ရှင်ဇာတ်လမ်းတွဲအဖြစ် ဖန်တီးထားပြီး တမလွန်စပ်ကြား လမ်းခုလတ်ထဲ လွင့်မျောနေသူများအကြောင်း ပုံဖော်တင်ဆက်ထားသည်။

**SKY**

**0-0-0-0-0-0-0**

## Zhanlusi တရုတ်အနုပညာလောကတွင် ကျော်ကြားသူများစာရင်းဝင် ဖြစ်

တရုတ်အနုပညာလောကမှ နိုင်ငံတကာထိကျော်ကြားသော အနုပညာရှင်များစာရင်းကို ထုတ်ပြန်ထားရာ ကျန်းလူဆီက ထိပ်ဆုံးစာရင်းဝင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းတွင် တရုတ်နှင့် နိုင်ငံတကာထိ ထိုးဖောက်နိုင်ခဲ့သော ဒရမ်မာဇာတ်ကားများတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များတွင် ကျန်းလူဆီက နိုင်ငံတကာတွင် နံပါတ်တစ်၊ တရုတ်တွင် နံပါတ် ၁၀၊ ရှောင်းကျန့်က နိုင်ငံတကာတွင် နံပါတ်နှစ်၊ တရုတ်တွင် နံပါတ် တစ်၊ ဝမ်ရိဘိုက နိုင်ငံတကာတွင် နံပါတ်သုံး၊ တရုတ်တွင် နံပါတ် ခုနစ် အသီးသီးရရှိထားကြသည်။

ဒါလန်ဝေါင်က နိုင်ငံတကာတွင် နံပါတ်လေး၊ တရုတ်တွင် ၁၆၊ ရှူကိန်က နိုင်ငံတကာတွင် နံပါတ်ငါး၊ တရုတ်တွင် ၃၄၊ ဘိတ်လျူက နိုင်ငံတကာတွင် နံပါတ်ခုနစ် တရုတ်တွင်နံပါတ်သုံး၊ အက်စတာယူက နိုင်ငံတကာ နံပါတ်ခြောက်၊ တရုတ်တွင် ၅၊ ချန်ရှီဟန်နှင့် ဒီလ်ဘာရာဒီမူ ရက်တို့က နိုင်ငံတကာတွင် နံပါတ် (၉ နှင့် ၁၀) တရုတ်တွင် နံပါတ် (၈ နှင့် ၆)တို့ အသီးသီးရရှိထားကြသည်။

**SKY**



## ဘရစ်ခ်စ်အုပ်စု၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အင်ဒိုနီးရှားဝင်ရောက်လာခြင်းကို ဘရာဇီးကြိုဆို

**ဘရာဇီးလီးယား ဇန်နဝါရီ ၇**

ဘရစ်ခ်စ်အုပ်စု၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အင်ဒိုနီးရှားဝင်ရောက်လာခြင်းကို ဘရာဇီးနိုင်ငံက ကြိုဆိုသည်ဟု ဘရာဇီးသမ္မတ လွစ်ဇ်အီနာရှိုလူလာဒါဆီလ်ဗာ ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါအုပ်စုထဲသို့ အပြည့်အဝပါဝင်ခွင့်ရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ထုတ်ပြန်ကြေညာသည်။

ထိုသို့ပါဝင်ဆောင်ရွက်ခွင့်ရအောင် အဓိကပံ့ပိုးပေးခဲ့သော ရုရှားနိုင်ငံကိုလည်း ကျေးဇူးတင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြသည်။

၂၀၀၉ ခုနှစ်တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက ၅ နိုင်ငံ ပူးပေါင်းဖွဲ့စည်းတည်ထောင်ခဲ့သော ဘရစ်ခ်စ်အုပ်စုထဲသို့ ယမန်နှစ်က အီရန်၊ အီဂျစ်၊ အီသီယိုပီးယားနှင့် အာရပ်စော်ဘွားများနိုင်ငံတို့ကို တင်းပြည့်အဖွဲ့ဝင်နိုင်ငံများအဖြစ် ထည့်သွင်းခဲ့သည်။

ဘရစ်ခ်စ်အုပ်စုဝင်နိုင်ငံများက ဘုံငွေကြေးတစ်ရပ်သတ်မှတ်ရန် ကြိုးစားလျက်ရှိရာ အမေရိကန်ဒေါ်လာကို အစားထိုးမည်ဆိုပါက ယင်းနိုင်ငံများကို အခွန်ရာနှုန်းပြည့်ကောက်ခံသွားမည်ဟု ဒေါ်နယ်လ်ထရမ့်ကခြိမ်းခြောက်ထားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



လစ်ဘရယ်ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုး ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ထုတ်ဖော်အတည်ပြုကြေညာနေစဉ်။ **Mon**

## သမ္မတယွန်းကိုဖမ်းဆီးရန် ထုတ်ဆင့်သောဖမ်းဝရမ်းကို ဆိုးလ်အနောက်ပိုင်း ခရိုင်တရားရုံးက သက်တမ်းတိုးမြှင့်



**ဆိုးလ် ဇန်နဝါရီ ၇**

တောင်ကိုရီးယားသမ္မတယွန်းဆွတ်ယူးလ်ကိုဖမ်းဆီးရန် ထုတ်ဆင့်ထားသောဖမ်းဝရမ်း ဇန်နဝါရီ ၆ ရက်က သက်တမ်းကုန်သွားသဖြင့် ထိုဖမ်းဝရမ်းကို ဆိုးလ်အနောက်ပိုင်း ခရိုင်တရားရုံးက ဇန်နဝါရီ ၇ ရက်တွင် သက်တမ်းတိုးမြှင့်ပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီ ၆ ရက် ညသန်းခေါင်တွင် သက်တမ်းကုန်ဆုံးကာ ပျက်ပြယ်သွားသော ထိုဖမ်းဝရမ်းကို တောင်ကိုရီးယားအကျင့်ပျက်မှုစုံစမ်းစစ်ဆေးရေးရုံး၏ တောင်းဆိုမှုအရ နောက်တစ်နေ့နေ့လယ်ပိုင်းတွင် ယင်းဖမ်းဝရမ်းကို သက်တမ်းတိုးပေးလိုက်ခြင်း ဖြစ်သည်။

စစ်အုပ်ချုပ်ရေးကြေညာခဲ့မှုနှင့်ပတ်သက်၍ သမ္မတယွန်းကို အကျင့်ပျက်မှုစုံစမ်းစစ်ဆေးရေးရုံး၊ ရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ ဖမ်းဆီးရန်ကြိုးစားခဲ့ကြသော်လည်း ၄င်းကို အင်အား ၂၀ ကျော်ခန့်ရှိသော စစ်သည်များက အကာအကွယ် ပေးလျက်ရှိသဖြင့် မဖမ်းဆီးနိုင်သေးဘဲ စောင့်ဆိုင်းနေရသည်။

စစ်အုပ်ချုပ်ရေးကြေညာခဲ့မှုနှင့်ပတ်သက်၍ တရားရုံးတွင် ရှင်းလင်းရန် ဆင့်ခေါ်ခဲ့သော သမ္မန်များကို လျစ်လျူရှုခဲ့သဖြင့် ယွန်းကိုဖမ်းဆီးရန် ဖမ်းဝရမ်းထုတ်ဆင့်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်သက်တမ်းတိုးလိုက်သော ဖမ်းဝရမ်း၏သက်တမ်းကို ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း တောင်ကိုရီးယားတည်ဆဲဥပဒေအရ ဖမ်းဝရမ်း၏သက်တမ်းမှာ ၇ ရက်ဖြစ်ကြောင်း သိရသည်။ **Mon**



## ဒေါ်နယ်လ်ထရမ့်၏သားဦး ထရမ့်ဂျူနီယာ ဂရင်းလန်ကျွန်းသို့ အလည်အပတ်ထွက်ခွာ

**ဝါရှင်တန် ဇန်နဝါရီ ၇**

ဒေါ်နယ်လ်ထရမ့်၏သားဦး ထရမ့်ဂျူနီယာ ဂရင်းလန်ကျွန်းသို့ ယမန်နေ့က အလည်အပတ်ထွက်ခွာပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိတို့နိုင်ငံ၏လုံခြုံရေးအတွက် ဂရင်းလန်ကျွန်းကို ပိုင်ဆိုင်ထိန်းချုပ်ထားရတော့မလိုဖြစ်နေသည်ဟု ဖခင် ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြားအပြီး နှစ်ပတ်ခန့်အကြာတွင် ထရမ့်ဂျူနီယာ ထိုအလည်အပတ်ခရီးစဉ်ကို အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

ဂရင်းလန်ကျွန်းမှ ဒေသခံများနှင့် စကားပြောလိုသဖြင့် ထိုသို့အလည်အပတ်ထွက်ခွာသွားသည်ဆိုသော ထရမ့်ဂျူနီယာ၏ခရီးစဉ်သည် ပုဂ္ဂလိကခရီးစဉ်သာဖြစ်ရာ မိမိတို့အစိုးရနှင့် မသက်ဆိုင်ကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ဒေါ်နယ်လ်ထရမ့်သည် ဂရင်းလန်ကျွန်းကို အမေရိကန်ပြည်ထောင်စုထဲသို့ထည့်သွင်းရန် ဝယ်ယူလိုသည်ဟု ပထမသမ္မတသက်တမ်းတွင် ပြောကြားခဲ့ဖူးသည်။

ဒိန်းမတ်နိုင်ငံ၏လက်အောက်ခံ ထိုကျွန်းပေါ်တွင် လူဦးရေ ၅၇၀၀၀ ခန့် မှီတင်းနေထိုင်ကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံတိဘက်ဒေသ၌ အင်အားပြင်းငလျင်လှုပ် လူပေါင်း ၁၂၆ ဦးထက်မနည်း သေဆုံး၊ ၁၈၈ ဦး ဒဏ်ရာရရှိ

**ပေကျင်း ဇန်နဝါရီ ၇**

တရုတ်နိုင်ငံတိဘက်ဒေသ၌ ဇန်နဝါရီ ၇ ရက်က အင်အားပြင်းငလျင်လှုပ်ရှားရာ လူပေါင်း ၁၂၆ ဦးထက်မနည်း သေဆုံးပြီး ၁၈၈ ဦးဒဏ်ရာရရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်အား ၇ ဒသမ ၁ ရစ်ချ်တာစကေးရှိသော ထိုငလျင်သည် တိဘက်ဒေသနှင့် နယ်နိမိတ်ထိစပ်နေသော ဟိမဝန္တာတောင်ခြေတစ်နေရာ၏အောက်ဘက် ၆ မိုင်ခန့်အကွာကို ဗဟိုပြုကာ လှုပ်ရှားခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဘူမိဗေဒစစ်တမ်းအဖွဲ့က အတည်ပြုသည်။

မူလငလျင်ဖြစ်ပွားပြီးနောက် နာရီပိုင်းအတွင်း ငလျင်ငယ် ပါင်း ၄၀ ကျော်ခန့်လှုပ်ရှားခဲ့ကြောင်း ဒေသခံများ ထုတ်ဖော်ပြောသည်။

တိဘက် မဟာယနဗုဒ္ဓဘာသာဘုရားကျောင်းကန်နှင့် လူနေအိမ် အဆောက်အအုံပေါင်း ထောင်နှင့်ချီ၍ ပြိုလဲပျက်စီးသွားသည်။ ငလျင်ဘေးသင့်ဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များ အမြန်ဆုံးသွားရောက်ရန် တရုတ်အစိုးရက စီစဉ်ပေးခဲ့ကြောင်း သိရသည်။ **Mon**





## တာလတ်ပစ် ဒုံးလက်နက်သစ်၏အင်အားဖြင့် ပြိုင်ဘက်များကို မြောက်ကိုရီးယားထိန်းချုပ်မည်

**ပြုံယမ်း ဇန်နဝါရီ ၇**

တာလတ်ပစ် ဒုံးလက်နက်သစ်၏အင်အားဖြင့် မိမိတို့၏ပြိုင်ဘက်များကို ထိန်းချုပ်သွားမည်ဖြစ်သည်ဟု မြောက်ကိုရီးယားနိုင်ငံက ကြေညာလိုက်ကြောင်း ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင် အလည်အပတ်ရောက်ရှိလာချိန်တွင် ထိုဒုံးလက်နက်သစ်ကို ပစ်လွှတ်ခဲ့ခြင်း ဖြစ်သည်။

အသံထက် ၁၂ ဆမြန်သော အဆိုပါ တာလတ်ပစ်ဒုံးလက်နက်သစ်သည် ကီလိုမီတာ ၁၅၀၀ အထိရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

## အမေရိကန်ပြည်ထောင်စု၌ ဆောင်းမုန်တိုင်းတိုက် အရှေ့မြောက်ပိုင်းဒေသတွင် လူ ၅ ဦး သေဆုံးခဲ့ရ



**ဝါရှင်တန် ဇန်နဝါရီ ၇**

အမေရိကန်ပြည်ထောင်စု၌ ဆောင်းမုန်တိုင်းတိုက်ခတ်လျက်ရှိရာ ယမန်နေ့က အရှေ့မြောက်ပိုင်းဒေသတွင် လူ ၅ ဦးသေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နှင်းဖတ်များထူထဲစွာကျရောက်သဖြင့် ခရီးဝေးသွားလာမှုများ ယာယီရပ်တန့်ထားရပြီး မေရီလန်း၊ ဗာဂျီးနီးယား၊ ကန်းဆတ်မစ်ဆူရီ၊ ကင်တူးကီနှင့် အာကင်ဆတ်ပြည်နယ်များတွင် အရေးပေါ်အခြေအနေ သတ်မှတ်ကြေညာထားသည်။

အာတိတ်ဒေသမှ လွင့်ပျံ့လာသောအအေးလှိုင်းများသည် အမေရိကန်ပြည်ထောင်စုသို့ နောက်ရက်သတ္တပတ်အနည်းငယ်ကြာမျှ ဖြတ်သန်းနေဦးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်



**မိုင်းပျဉ်း ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀နာရီက အဆိုပါဈေး၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသူရမောင်က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များနှင့် မီးဘေးနှင့်ပတ်သက်၍ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဈေးသူ၊ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များကို လက်တွေ့ ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်ကျော်ဦးနှင့် စည်ပင်ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြည့်ရှုခဲ့ပြီး ဈေးဆိုင်ခန်းများအတွင်း မီးသုံးစွဲရောင်းချနေမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြို့မဈေးအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားမပေါ်ပေါက်စေရေးနှင့် မီးဘေးအန္တရာယ်များ ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဆန်းဝင်းက မီးသတ်ဆေးဘူးကိုင်တွယ် အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြို့မဈေးအတွင်းရှိ ဆိုင်ခန်းများအပေါ်သို့ ရေများပက်ဖျန်းပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်ကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွတ်ကြွတ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက် စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိ



ပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ရမည်းသင်းမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီခွဲက သက်သေများနှင့်အတူ ရမည်းသင်းမြို့နယ်၊ နန်းလုံ-နတ်အင်း ကျေးရွာသွားလမ်းတွင် ခွန်သိန်းဝင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် ဝေထွန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဝေထွန်းမှာ ထွက်ပြေးသွားသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၃၇ ဒသမ ၈၈၅၆ ကီလို၊ လက်ကိုင်ဖုန်း ၂ လုံးနှင့် မြန်မာငွေကျပ် ၇၀၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခွန်သိန်းဝင်း(၃၆)နှစ်နှင့် ဝေထွန်းတို့အား ရမည်းသင်းမြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## LED မီးသီးအပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၆လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတွင် အာစီနှစ်ထပ် နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း မျက်နှာကြက်တွင်တပ်ဆင်ထားသည့် LED မီးသီးအပူလွန်ကဲပြီး မီးလောင်မှု ဇန်နဝါရီ ၆ ရက် ည ၈ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်ဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၄၀)ဦးသည် မီးငြိမ်းသတ်ယာဉ်(၅)စီး၊ မီးသတ်ရေသယ်ယာဉ်(၂)စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ၈ ပေနှင့် ၁၀ ပေအိမ်ခန်းအတွင်းရှိ ဂျပ်စက္ကူများနှင့် အဲယားကွန်းတစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲနေအိမ်အငှားနေထိုင်သူအား အမှတ်(၉)မြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၅၇)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ယင်းမာပင်မြို့နယ် မြို့သစ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြို့သစ်ကျေးရွာကို ဇန်နဝါရီ ၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့သဖြင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း တရားမဝင် ဝင်ရောက်၍ တိုက်ပွဲများ ဖော်ဆောင်လာခြင်းများကြောင့် မြို့/ရွာများ ပျက်စီးရကြောင်းနှင့်၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအတွင်း အေးချမ်းတည်ငြိမ်မှုရှိစေရန် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများ အထင်




အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လက်ဖက်နှင့် ခေတ်နှင့်အညီ တိုးတက်လာသောလက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု

ခိုင်ခနို့(အမရပူရ)

လက်ဖက်အစိုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်၊ ဇယန်းရွာမှ ထွက်ရှိပြီး နာမည်ကျော် လူကြိုက်များသည်။ လက်ဖက်အစိုဆိုသည်မှာ ခူးပြီးသော လက်ဖက်ရွက်နုများကို ပီနံအိတ်တွင် သိပ်ထည့်၍ (၈)လမှ (၁၁)လ ကြာသည်အထိ မြေကျင်းထဲတွင် ထားပြီး(အချဉ်ဖောက်ပြီး)နောက်မှ လက်ဖက်အစို ရရှိသည်။ လက်ဖက်သုပ်ကို ရှမ်းလူမျိုးများ စတင်၍ ပြုလုပ်စားသုံးခဲ့ကြသည်ဟု ဆိုသည်။

မြန်မာစကားပုံတစ်ခုတွင် 'အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက်' ဟူ၍ ရှိခဲ့ရာ အရွက်များတွင် လက်ဖက်ရွက်၏ အရသာမှာ အကောင်းဆုံးဟု ဆိုလိုရင်းဖြစ်ရာ ရှေးမြန်မာ ဘုရင်များလက်ထက်တွင် လက်ဖက်ရည်တော်သား၊ လက်ဖက်အုပ်ကိုင်ဟူသော အမှုတော်ထမ်းများကို ကြည့်ခြင်းဖြင့် လက်ဖက်ပွဲတော်တည်သည့်ဓလေ့ ထွန်းကားနေပြီ ဖြစ်သည်။ လက်ဖက်ပွဲပြုလုပ်ရာတွင် ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ နှမ်း၊ စားဆီ၊ ပုစွန်ခြောက်၊ ကြက်သွန်ကြော်၊ ပဲကြော်၊ မြေပဲကြော်၊ သံပရာသီး၊ ငရုတ်သီးတို့ဖြင့် တွဲဖက်ပြုလုပ်ကြသည်။ ဒေသ အလိုက် ပါဝင်ပစ္စည်းကွဲပြားလျှင် အရသာမှာ ကွဲပြားနိုင်သည်။

လက်ဖက်ပွဲတည်ခင်းသည့်ဓလေ့သည် မင်းခမ်းမင်းနားမှစ၍ ပုခက်တင်၊ ကင်ပွန်းတပ်၊ ရှင်ပြု နားသ၊ မင်္ဂလာဧည့်ခံပွဲများမှ အစရှိရာ နတ်ပွဲများတွင် ကန်တော့ပွဲပေးရာ၌လည်း ပါဝင်သည်။ မြန်မာတို့သည် ဧည့်သည်လာလျှင် အသင့်တည်ခင်းဧည့်ခံနိုင်ရန် ယွန်းလက်ဖက်အုပ်ကို ဆောင်ထားလေ့ ရှိသည်။ လက်ဖက်သည် မည်မျှတွင်ကျယ်အရေးပါသည်ကိုပြောရလျှင် ရှေးအခါက တရားတဘောင် ကိစ္စပေါ်ပေါက်လျှင် တရားရုံးတော်က လက်ဖက်စားခြင်းဖြင့် အမှုကိစ္စများ၊ ပြေငြိမ်းမှုများ ရှိခဲ့သည်မှာ လက်ဖက်၏ မေတ္တာသဘော သင်္ကေတပင် ဖြစ်သည်။

ယခုအခါ လက်ဖက်သုပ်ကို အရှီးတောင်း၊ ရွှေတုတ်၊ ထန်ချင်းတို့ကဲ့သို့သော ဆိုင်ကြီးများဖြင့် ရောင်းချနေပြီ ဖြစ်သည်။ မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်သော လက်ဖက်သုပ်ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များက နှစ်သက်လက်ခံစားသုံးနေကြပြီဖြစ်ရာ မြန်မာ့ရိုးရာအစားအစာတစ်ခုအနေဖြင့် ဂုဏ်ယူစရာကောင်းသည်။ ယခုအခါ အသင့်စားနိုင်သော အထားခံလက်ဖက်သုပ် အထုပ်များ၊ လက်ဖက်သုပ်ဘူးများပင် ပေါ်ပေါက်နေပြီဖြစ်၍ နိုင်ငံခြားတိုင်းပြည်များသို့ပင် တင်ပို့ရောင်းချနေပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရန် လုပ်ဆောင်ခဲ့သည်ဟု သိရသည်။

## လက်ဖက်ရည်ယဉ်ကျေးမှု

ကမ္ဘာပေါ်တွင် လက်ဖက်စိုက်ပျိုးသောနိုင်ငံဟူ၍ များများစားစား မရှိပေ။ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ထိုင်း၊ မြန်မာ၊ ကိုရီးယား၊ ဂျပန်၊ လာအိုနှင့် ဗီယက်နမ်တို့တွင်သာ စိုက်ပျိုးသည်။ လက်ဖက်ကို စီးပွားဖြစ် တင်ပို့ရောင်းချသောနိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာတို့သာ ရှိသည်။ လက်ဖက်ကို အချိုခြောက်(Black tea)၊ အကြမ်းခြောက် (Green tea) ဟူ၍ နှစ်မျိုး တွေ့ရသည်။ တရုတ်နိုင်ငံသည် လက်ဖက်ကို ဆေးဝါးအဖြစ် အသုံးပြုပြီး အိန္ဒိယနိုင်ငံသည် လက်ဖက်ကို ဟင်းခတ်အမွှေးအကြိုင်များနှင့် ရောနှောအသုံးပြုသည်။ တရုတ်နိုင်ငံကို အကြမ်းခြောက်နှင့်တွဲ၍ လူသိများသကဲ့သို့ အိန္ဒိယနိုင်ငံကို အချိုခြောက်နှင့်တွဲ၍ လူသိများသည်။ အနောက်တိုင်းနိုင်ငံများကိုမူ (tea party)နှင့်တွဲ၍ လူသိများသည်။

ဥရောပတိုက်တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ လောက်ကမှ လက်ဖက်ရည်ကို စတင်အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်များသာ လက်ဖက်ရည်ကို သောက်သုံးနိုင်သည်။ လက်ဖက်သည် ခက်ခက်ခဲခဲ သယ်ယူရသဖြင့် အလွန်တန်ဖိုးကြီးသောကြောင့် ဖြစ်သည်။ အင်္ဂလန်၊ အမေရိကန်၊ ဩစတေးလျ၊ နယူးဇီလန်တို့တွင် လက်ဖက်ရည်များစွာ သောက်သုံးသည်။ တရုတ်၊ ဂျပန်၊ အိန္ဒိယနှင့် မြန်မာတို့တွင် ပိုမိုသောက်သုံးသည်။ တရုတ်စာရေး ဆရာကြီး 'လောရှီ'၏ ကမ္ဘာကျော် လက်ဖက်ရည်ဆိုင်ပြဇာတ်ကို လေ့လာလျှင် တရုတ်နိုင်ငံတွင် မန်ချူးမင်းဆက်ခေတ်ကတည်းက လက်ဖက်ရည်ဆိုင်ဓလေ့ရှိကြောင်းကို သိနိုင်သည်။ အနောက်တိုင်းနိုင်ငံများတွင် အဖန်ရည်တွင် သံပရာသီးညှစ်၍ သကြားတုံးကလေးများ ထည့်ဖျော်သော(Black tea)ကို သောက်သုံးကြသည်။ ဂျပန်နိုင်ငံတွင် လက်ဖက်ရည်ကို လမ်းမဘေးဆိုင်များတွင် ဝယ်ယူ၍ အလုပ်သွားရင်း၊ ရထားစောင့်ရင်း သောက်သုံးကြသည်။ လက်ဖက်ရည်ဆိုင်ဟူ၍ သီးသန့်မရှိခြင်းမှာ လက်ဖက်ရည်ဆိုင်ထိုင်၍ အချိန်မဖြုန်းလိုဘဲ အချိန်ကို တန်ဖိုးရှိရှိ အသုံးချခြင်းပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် လက်ဖက်ရည်ဆိုင်ကို လမ်းဘေးတွင်ဖွင့်ကြပြီး ဒန်အိုးကြီးတစ်လုံးထဲတွင် လက်ဖက်အချိုခြောက်နပ်ရည်(အဖတ်စစ်ပြီး)ကို နွားနို့စိမ်း၊ နို့ဆီ၊ ဟင်းခတ်အမွှေးအကြိုင်တို့ကို ရောစပ်၍ ဆိုင်အနီးအနားတွင်ပင် ရပ်၍ လက်ဖက်ရည်သောက်သုံးကြသည်မှာ အိန္ဒိယနိုင်ငံ၏ဓလေ့တစ်ခုပင် ဖြစ်သည်။

## မြန်မာတို့၏ လက်ဖက်ရည်ဆိုင်ဓလေ့

မြန်မာနိုင်ငံတွင် လက်ဖက်၏ အသုံးဝင်မှုမှာ များပြားလှသည်။ လက်ဖက်ရည်ချို၊ လက်ဖက်ရည်ကြမ်း(အခါးရည်၊ အဖန်ရည်) လက်ဖက်သုပ်ဟူ၍ အသုံးပြုမှုအမျိုးမျိုးရှိသည်။ လက်ဖက်သည် မြန်မာလူထု၏ နေ့စဉ်လူနေမှုတွင် များစွာအရေးပါသည်။ လက်ဖက်ရည်ချိုမှာ လက်ဖက်အချိုခြောက်ကို ရေနွေးကရားတွင်ထည့်နပ်၍ လက်ဖက်ခြောက် နပ်ဖတ်များကို ဖယ်ထားသော နပ်ရည်ကို နို့ဆီ၊ သကြား၊ နို့စိမ်း၊ မလိုင်များရော၍ ဖျော်ရသည်။ လက်ဖက်ရည်ဖျော်ရာတွင် လူတို့၏ ဆန္ဒအသီးသီးကို လိုက်၍ ချိုဆိမ့်၊ ကျဆိမ့်၊ ပေါ့ဆိမ့်၊ ပေါ့ကျ၊ ပုံမှန်၊ ဖန်ချို စသည်ဖြင့် အရသာအမျိုးမျိုး ရရှိစေရန် အဖျော်ဆရာမှ ဖျော်ပေးရသည်။ သို့မှသာ သောက်သုံးသူများမှ နှစ်ခြိုက်စွာ အားပေးသောက်သုံးမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး လက်ဖက်ရည်ဆိုင်ကို ဖွင့်ခဲ့ကြသူများမှာ အိန္ဒိယလူမျိုးများဖြစ်ကြပြီး 'ကာကာဆိုင်'ဟု လူသိများသည်။ လက်ဖက်ရည်ယဉ်ကျေးမှုကို ၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူချိန်မှစတင်ခဲ့သည်ဟုလည်း ဆိုသည်။ တချို့မှာ ကိုလိုနီခေတ်ဗြိတိသျှလူမျိုးထံမှ ဆင်းသက်လာသည်ဟုလည်း ဆိုကြသည်။

၁၉၇၆ ခုနှစ် ဝန်းကျင်တွင် လက်ဖက်ရည်ဆိုင်ဟူ၍ များများစားစား မရှိပေ။ ထိုဆိုင်များတွင် သစ်သားစားပွဲဝိုင်း (၄၊ ၅)ဝိုင်းသာ ရှိပြီး ထပ်တစ်ရာ၊ ပလာတာ၊ အီကြာကွေး၊ စမူဆာတို့နှင့် တွဲဖက်၍ လက်ဖက်ရည်ကို ရောင်းချခဲ့ကြသည်။



၁၉၈၆ ခုနှစ်တွင် စာရေးသူသည် တက္ကသိုလ်ကျောင်းသားဘဝ မန္တလေး တက္ကသိုလ်၊ ရတနာဘုမ္မိနယ်မြေတွင် တက်ရောက်သည့် အချိန်မှစ၍ လက်ဖက်ရည်ဆိုင် ထိုင်ခြင်းဓလေ့ကို စတင်နှစ်သက်ခဲ့သည်။ ရောင်ပြန်၊ အောင်ဝင်း၊ မောနီးစတား၊ အီးဗနီး စတား၊ ရှိန်ကြီး စသော လက်ဖက်ရည်ဆိုင်များတွင် သူငယ်ချင်းများနှင့် အတန်းချိန်ပြီးတိုင်း ထိုင်ဖြစ်ခဲ့သည်။ ထိုအချိန်က မန္တလေးမြို့တွင် ၃၄လမ်းနှင့် ၈၄လမ်းထောင့် နန်းစံပယ် ဘီယာဆိုင်နှင့် ကျုံးထောင့် စည်ဘီယာဆိုင်သာရှိရာ ထိုအချိန်က မန္တလေးမြို့တွင် လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု စိုးမိုးခဲ့သည်။



မြန်မာ့ရိုးရာလက်ဖက်

ထို နှစ်များအတွင်း အဆိုတော် မေဆွိ၏ 'ဝမ်းတီး၊ တူးကော်' သီချင်းနှင့် ကိုင်ဇာ၏ 'လက်ဖက်ရည်ဆိုင်ကို သွားကြပါစို့' သီချင်းများမှာ အတော်ရေပန်းစားခဲ့သည်။ နောက်ပိုင်းတွင် အဆိုတော် ခင်ဝမ်းက 'လွတ်လပ်ရေးကဖီး သွားရအောင်'ဟု သီဆိုခဲ့ပြီး ဂျေညီညီက 'အလွမ်းကဖီးရဲ့ ထောင့်လေးမှာ'ဟု ဆိုခဲ့သော သီချင်းများက အလွန်ထင်ရှားခဲ့သည်။ ထိုခေတ်အခါက လက်ဖက်ရည်ဆိုင်များတွင် သီချင်းဖွင့်ပေးခဲ့ကြခြင်း၊ ယခုခေတ်ကဲ့သို့ ဖုန်းများ မပေါ်သေးခြင်းကြောင့် လွတ်လပ်စွာ ပြောဆိုနိုင်ခြင်း၊ လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျကာ ရင်းနှီးမှုပိုစေခဲ့ခြင်းမှာ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၏ ကျေးဇူးပင်ဖြစ်သည်။

ယခုအခါ လက်ဖက်ရည်ဆိုင်များမှာ ခေတ်နှင့်အညီ ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ဆိုင်အပြင်အဆင်ကို စမတ်ကျကျ ပြင်ဆင်ပြီး သီချင်းသံငြိမ့်ငြိမ့်လေးဖွင့်ပေးကာ စားသုံးသူများအတွက် လက်ဖက်ရည်အပြင် မြန်မာ့ရိုးရာ စားဖွယ်အစုံအလင်ကို ရောင်းချပေးနေကြပြီဖြစ်သည်။ ဆိုင်လာသူများအတွက် ကားပါကင်မှအစ သေချာစွာ စီစဉ်ပေးပြီး စားသုံးသူကို စိတ်ကျေနပ်မှုအပြည့်အဝရအောင် ဝန်ဆောင်မှုပေးလျက်ရှိကြသည်။ ခေတ်မီသန့်ရှင်းသော လက်ဖက်ရည်ဆိုင်ကြီး၊ ဆိုင်ငယ်များ ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။ အချို့ဆိုင်များမှာ ၂၄ နာရီ ဖွင့်သော ဆိုင်များပင် ရှိလာပြီ ဖြစ်သည်။

မြန်မာလူမျိုးတို့သည် လက်ဖက်ရည်ဆိုင်ကို အကြောင်းအမျိုးမျိုးဖြင့် ထိုင်ကြသည်။ လူတန်းစားမရွေး ထိုင်လေ့ရှိပြီး ကျောင်းသူ၊ ကျောင်းသားများ၊ ကားလောက၏ ပွဲစားများ၊ အိမ်ခြံမြေအကျိုးဆောင်များ၊ စာပေလောကမှ စာရေးဆရာများ၊ ပရဟိတဆောင်ရွက်နေသူများ စသည်ဖြင့် လက်ဖက်ရည်ဆိုင်တွင် လာရောက်စုဝေးတွေ့ဆုံလေ့ရှိကြသည်။ ဆိုင်ပိုင်ရှင်များကလည်း စားသုံးသူများအတွက် (Wifi Free) တပ်ဆင်ပေးထားသကဲ့သို့ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များကိုလည်း ထားပေးထားကြသည်။ လက်ဖက်ရည်ဆိုင်သည် တန်ဖိုးရှိရှိ အသုံးချတတ်သူများအတွက် အစားအသောက်၊ အသုံးအဆောင် အပြည့်အစုံ ရသည့်အပြင် ဗဟုသုတရှာဖွေစုဆောင်းရင်း စီးပွားရေးအမြင်လည်း ကျယ်လာစေနိုင်သည်။ မိတ်ဆွေအပေါင်းအသင်းလည်း တိုးစေပြီး ပြောင်းလဲလာသော ခေတ်နှင့်အညီ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုများသည်လည်း ပြောင်းလဲတိုးတက်ထွန်းကားနေမည်ကို ယုံကြည်မိပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ရော်ဘီကိန်းအား နည်းပြသစ်အဖြစ် Ferencvaros အသင်း ခန့်အပ်

**လန်ဒန် ဇန်နဝါရီ ၇**

ဟန်ဂေရီကလပ် Ferencvaros အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရော်ဘီကိန်းအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် မက္ကာဘီတဲလ်အဗစ်၊ အိန္ဒိယကလပ် ATK အသင်းတို့အား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် Ferencvaros အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၄)နှစ်အရွယ်ရှိ ရော်ဘီကိန်းက "ကျွန်တော် အခုလို Ferencvaros အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ Ferencvaros အသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ယာပုံ)

(NGB)



## အီတလီစူပါဖလား ချန်ပီယံဆုအား အေစီမီလန်အသင်း ဆွတ်ခူး

**မီလန် ဇန်နဝါရီ ၇**

အီတလီစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်အသင်းက အင်တာမီလန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အေစီမီလန်အသင်းအတွက် အဖိုးတန် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅၂မိနစ်တွင် ဟာနန်ဒက်ဇ်၊ ပွဲချိန် ၈၀မိနစ်တွင် ပူလီဆစ်၊ ပွဲချိန် (၉၀+၃)မိနစ်တွင် အေဘရာဟမ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

အေစီမီလန်အသင်းသည် အီတလီစူပါဖလား ချန်ပီယံဆုအား (၈)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် "အီတလီစူပါဖလား ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) ယ(NGB)




## နဝမ်နရီ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရမည်



**လန်ဒန် ဇန်နဝါရီ ၇**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား နဝမ်နရီ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား နဝမ်နရီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား နဝမ်နရီသည် အာဆင်နယ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ)

(NGB)

## နော့တင်ဟမ်ဖောရက်စ်အသင်း ပရီးမီးယားလိဂ် ၆ပွဲဆက်အနိုင်ရယူနိုင်ခဲ့

**လန်ဒန် ဇန်နဝါရီ ၇**

နော့တင်ဟမ်ဖောရက်စ်အသင်းသည် ပရီးမီးယားလိဂ် ၆ပွဲဆက်အနိုင်ရရှိကာ ၁၉၆၇ခုနှစ်နောက်ပိုင်း နိုင်ပွဲဆက်အကောင်းဆုံး မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် နော့တင်ဟမ်ဖောရက်စ်အသင်းသည် ယနေ့နံနက်ပိုင်းက ဝုဖ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နော့တင်ဟမ်ဖောရက်စ်အသင်းသည် နောက်ဆုံးပရီးမီးယားလိဂ် ၆ပွဲဖြစ်သည့် မန်ချက်စတာယူနိုက်တက်၊ အက်စတွန်ဗီလာ၊ ဘရန့်ဖို့ဒ်၊ စပါး၊ အဲဗာတန်၊ ဝုဖ် စသည့်အသင်းတို့ကို အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နော့တင်ဟမ်ဖောရက်စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ပွဲ ၂၀ကစားအပြီးတွင် ရမှတ် ၄၀မှတ်ဖြင့် အဆင့် ၃နေရာတွင် ရပ်တည်ခဲ့သည်။ (အောက်ပုံ)

(NGB)




## ဂျိမ်းရိုဒရီဂွက်ဇ် ဗယ်လက်ကာနိုအသင်းနှင့် နှစ်ဦးသဘောတူလမ်းခွဲ

**မက်ဒရစ် ဇန်နဝါရီ ၇**

ဗယ်လက်ကာနိုအသင်းသည် ဝါရင့်တောင်ပံကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်နှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂျိမ်းရိုဒရီဂွက်ဇ်ကို လက်ရှိအချိန်တွင် နာပိုလီအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်သည် ဗယ်လက်ကာနိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇ပွဲသာ ကစားထားပြီးနောက် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဗယ်လက်ကာနိုအသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့်တောင်ပံကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်အနေဖြင့် မည်သည့်ကလပ်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ)

(NGB)



## 2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Gael Monfils တက်ရောက်



**လန်ဒန် ဇန်နဝါရီ ၇**

နယူးဇီလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် သို့ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils သည် 2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် စပိန်တင်းနစ်ကစားသမား Pedro Martinez Portero အား ၁-၆၊ ၇-၆၊ ၆-၃ဖြင့် အနိုင် ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Gael Monfils နှင့် ဂျာမနီတင်းနစ်ကစားသမား Jan-Lennard Struff တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဂိုးသမား မက်တီယန်းအား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း စီစဉ်

**မန်ချက်စတာ ဇန်နဝါရီ ၇**

မန်ချက်စတာစီးတီးအသင်းသည် ဆန်းဒါးလန်းဂိုးသမား မက်တီယန်းအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။




အသက်(၁၈)နှစ်အရွယ်ရှိ ဂိုးသမားသည် ဆန်းဒါးလန်းအသင်းမှ ဆဲလ်ဖို့စီးတီးအသင်းသို့ အငှားသွားရောက်ကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဂိုးသမား မက်တီယန်းကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဂိုးသမား မက်တီယန်းအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### အာဆီယံကလပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(အုပ်စု-က) ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၈-၁-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ၆း၀၀နာရီ | ရှမ်း - တီယန်ဂါနူ (မြန်မာ-၁) (မလေးရှား-၄) |

### အင်္ဂလိပ် ကာရာဘောင်းလိဂ်ဖလား ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)(ပ-ကျော့)ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ၌ အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၉-၁-၂၀၂၅ နံနက်၀၂း၃၀နာရီ | စပါး - လီဗာပူး (ပရီးမီးယား-၁၂) (ပရီးမီးယား-၁) | စပါး ၃-၆ လီဗာပူး (၂၂-၁၂-၂၀၂၄ ပရီးမီးယား) | စပါး(အိမ်) | ၁၁ | ၄ | ၂ | ၅ | ၂၆ | ၂၁ |
| | | | လီဗာပူး(ဝေး) | ၉ | ၇ | ၂ | - | ၂၇ | ၁၁ |



## နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ကလေး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်-၃၊ နိုင်ငံသားစိစစ်ကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက ဆည်တော်ဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းမွှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကလေးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးက ပန်းခင်းစီမံချက် အဆင့်-၃ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များကို ဆည်တော်ဦးကျေးရွာ၊ ကျောင်းတိုက်ကျေးရွာ၊ သဖန်းအိုင်ကျေးရွာနှင့် အောင်မြင်သာကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူ ၁၅၆ ဦးထံ ပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်နှင့်အဖွဲ့ဝင်များ၊ ကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ ။

## ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ညွှန့်ပေါင်း(၁)အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဇန်နဝါရီ ၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကို ဒေါက်တာခင်မော်မော်စိုး၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ ဒုတိယ ကျောင်းအုပ်ကြီး ဦးဇော်ဝင်းခိုင်၊ အားကစားနှင့် ကာယပညာဦးစီးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်း၊ အားကစားဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲစဉ်တွင် ညွှန့်ပေါင်း(၁)အသင်းက အားကစားပညာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ကြောင်းနှင့် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ အားကစားပညာအသင်း၊ တတိယဆုရ ရူပဗေဒအသင်းတို့အား ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးတို့က တစ်ဦးချင်းဆုများ၊ နေရာအလိုက် အကောင်းဆုံးဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ပါမောက္ခချုပ်က ပထမဆုရ ညွှန့်ပေါင်း(၁)အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၈၂)

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အငြိမ်းစားယူသည့် ဝန်ထမ်းများအား ဂုဏ်ပြုနှုတ်ဆက်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ၁၉၈၃ခုနှစ် ဇူလိုင်၂၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၂၁ရက်အထိ (၄၂)နှစ်



တာ ကာလတစ်လျှောက်ဌာန၏ လုပ်ငန်းတာဝန်များအား ကျေပွန်စွာထမ်းဆောင်ခဲ့သည့် အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ကျောင်းအုပ်ကြီးဒေါ်တင့်တင့်နှင့် ၁၉၉၉ ခုနှစ် နိုဝင်ဘာ ၂၄ရက်မှ၂၀၂၄ ဒီဇင်ဘာ ၁ရက်အထိ(၂၅)နှစ် လုပ်ငန်းတာဝန်များအား ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးဒေါ်နွယ်နွယ်ဝါတို့အား ဂုဏ်ပြုနှုတ်ဆက်ပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၃နာရီက အဆိုပါရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဂုဏ်ပြုနှုတ်ဆက်ပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ)က ကျောင်းအုပ်ကြီးနှင့် ညွှန်ကြားရေးမှူးတို့၏ တာဝန်ထမ်းဆောင်မှု မှတ်တမ်းအား ဖတ်ကြားတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားခဲ့သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုငွေများပေးအပ်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ ထို့နောက် သက်ပြည့်အငြိမ်းစားယူသည့် ကျောင်းအုပ်ကြီးနှင့် လျှော့ပေါ့ပင်စင်ခံစားသည့် ညွှန်ကြားရေးမှူးတို့က အမှတ်တရနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၇လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၃(A)လမ်းကြားတွင် ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂ လမ်းနှင့် ၇၃လမ်းကြားတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးသွားမည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## ရှရီဆည်နာရာယန်းပူဇော်ပွဲ ရှရီညုံဘုရားကျောင်းတွင် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှရီညုံဘုရားကျောင်းနှင့် ရှရီသီဝဘုရားကျောင်းဂေါပကအဖွဲ့တို့ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှရီဆည်နာရာယန်းပူဇော်ပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ၈၆လမ်း၊ ၁၂ လမ်းနှင့် ၁၃ လမ်းကြားရှိ အဆိုပါ ရှရီညုံဟိန္ဒူဘုရားကျောင်းတော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးမြို့ရှိ ဘုရားကျောင်းအသီးသီးမှ ဂေါပကအဖွဲ့များ၊ ဟိန္ဒူ-ဗုဒ္ဓ ဘာသာဝင်ပြည်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါပွဲတော်အား နံနက် ၇ နာရီတွင် ဘုရားကျောင်းဟိန္ဒူဘုန်းတော်ကြီးဦးဆောင်သော မင်္ဂလာစတိုးမောင်နှမမိသားစုနှင့်ဒေသခံဟိန္ဒူဘာသာဝင် အလှူရှင်များက စုပေါင်းကာ ဆည်နာရာယန်းပူဇော်ပွဲတော်ကို ပန်း၊ သစ်သီးမျိုးစုံ၊ အချိုမုန့်စုံ၊ ဆွမ်းများ တင်လှူ၍ ဆီမီးများထွန်းညှိ ပူဇော်ကြသည်။

ပူဇော်ပွဲအပြီးတွင် အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဘုရားကျောင်းဂေါပကအဖွဲ့မှ ပူဇော်ပွဲလာဧည့်သည်တော်များအား အိန္ဒိယအစားအစာဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

(၀၄၀)

၀-၀-၀-၀-၀-၀-၀

# သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်



**ပူတာအို ဇန်နဝါရီ ၇**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဒေသထွက်သီးနှံများဖြစ်သည့် ဂရိတ်ဖရုသီး၊ ကျောက်ဖရုံသီး၊ သဘ်ာသီး၊ ခရမ်းချဉ်သီး၊ ဘုရင်သီး၊ အမေရိကန်သံပရာသီးတို့အား ကျန်းမာရေးနှင့် ညီညွတ်သော တန်ဖိုးမြှင့်စားသောက်ကုန်များ ထွက်ပေါ်လာစေရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်သည့် နည်းပညာများ ပြန့်ပွားခြင်းဖြင့် စိုက်ပျိုးရေးတောင်သူနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ ဝင်ငွေတိုးပွား၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ခြင်းနှင့် ၎င်းတို့စိုက်ပျိုးသောသီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် သင်တန်းဆင်းများ ထုတ်လုပ်သည့် တန်ဖိုးမြှင့်အစားအစာများအား စနစ်တကျ ဓာတ်ခွဲစမ်းသပ်၍ လုံခြုံစိတ်ချစွာ စားသောက်နိုင်ရေးနှင့် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းဖြင့် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းရှင်များတိုးပွား၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်း ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် နယ်မြေ (၅)ရှိ ရှာလင်အေဂျီအသင်းတော် ဘုရားကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှာလင်အေဂျီအသင်းတော် သင်းအုပ်ဆရာကြီး သိက္ခာတော်ရ အင်ခွမ်ပီတာက သင်တန်းအား ဆုတောင်းဆက်ကပ်အပ်နှံပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုးက သင်တန်းဖွင့် အမှာစကားပြောကြားကာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဆန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က သင်တန်းသုံး သီးနှံကုန်ကြမ်းပစ္စည်းများအား သင်တန်းသူတစ်ဦးထံ ပေးအပ်ပြီး အခမ်းအနားတက်ရောက်လာသူများက သင်တန်းသား၊ သင်တန်းသူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် အခမ်းအနားတက်ရောက်လာသူများက သင်တန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၂၀ ဦးတို့အား ဒေသထွက်သီးနှံဖြစ်သည့် ဂရိတ်ဖရု(ယို၊ ဖျော်ရည်၊ ဝိုင်)၊ခရမ်းချဉ်သီးယို၊ နာနတ်သီးဖျော်ရည်၊ ကျောက်ဖရုံယို၊ အမေရိကန်သံပရာယို၊ သဘော်သီးယို(အချို၊အစပ်)၊ ဘုရင်သီးဖျော်ရည်၊ အာလူးကြော်ပြုလုပ်နည်းများကို ခရိုင်အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ သင်တန်းကာလငါးရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




# အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်သန်းငွေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်အဆင့် ပထမဆုရ လူရည်ချွန်ကျောင်းသား၊ကျောင်းသူများ၊ မြို့နယ်အဆင့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အဆင့် သချ်ာစွမ်းရည်၊ အင်္ဂလိပ်စာစွမ်းရည် ပထမဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ခရီးသွားလာခြင်းနှင့် ငြိမ်းချမ်းရေးဆုရ ကျောင်းသား၊ ကျောင်းသူများ၊ IC ပြိုင်ပွဲ မြို့နယ်အဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ဗဟိုအဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့် ဆိုကရေးတီးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအထိမ်းအမှတ် မူဆင့်ပန်းချီပြိုင်ပွဲနှင့် လယ်ဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထက်၊ လယ်၊ မူအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကျပန်းပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ကာယဆုရရှိသော ကျောင်းသားကျောင်းသူများနှင့် တိုင်းအဆင့်၊ ခရိုင်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိသည် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဧည့်သည်များနှင့် ကျောင်းသားမိဘများအား ကျောင်းသား၊ ကျောင်းသူများက အကပဒေသာများ၊ တေးသရုပ်ဖော်များဖြင့် ဧည့်ခံဖျော်ဖြေပေး၍ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက လူချွန်လူကောင်းသီချင်းဖြင့် သီဆိုပြီး အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင် (မိသနီးမြေ)**

# ရွှေစိမ်း၊ ရွှေဆည်ရည်၊ ရွှေပိုးနှင့် အပင်အားဖြည့် ဇီဝထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးပေး

**ကျောက်ဆည် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)တွင် ဓာတုသွင်းကုန်များ အစားထိုးအသုံးပြုနိုင်ခြင်း၊ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းစေခြင်း၊ အပင်များ ကိုင်းကူး၊ ကိုင်းဆက်ပြုနိုင်ခြင်း၊ အသီး၊ အရွက်၊ အပွင့်များ ခူးပြီးချိန်တွင် ကြာရှည်ခံခြင်း၊ အစေ့အညှောင့်များဖောက်ခြင်း၊ အပင်များ ပြောင်းရွှေ့စိုက်ပျိုးခြင်းနှင့် ရောဂါပိုးမွှားများ ကြိုတင်ကာကွယ်ရာတွင် အသုံးပြုနိုင်ရန် အတွက် ရွှေစိမ်း၊ ရွှေဆည်ရည်၊ ရွှေပိုးနှင်ဆေးစသည့် ဇီဝထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဇီဝသဘာဝဆေးများကို အပင်ကြီးထွားမှုအဆင့်ဆင့်အား လှုံ့ဆော်ပေးနိုင်သော ရေငံပုစွန်ခွံမှ သဘာဝဘေးထွက်ပစ္စည်းဖြစ်သော ဓာတုနည်းဖြင့် ရရှိသည့် ခိုင်တိုစန် ဓာတ်ပေါင်းကိုအခြေခံ၍ အခြားသဘာဝပစ္စည်းများဖြစ်သော ငါးအမိုင်နိုအက်ဆစ်နှင့် ဝါးရှာလကာရည်တို့ကို ထည့်သွင်းပေါင်းစပ် ထုတ်လုပ်ထားသော အပင်အားဖြည့်ဆေးရည်များဖြစ်ကြောင်းနှင့် ဇီဝဆေးများအသုံးပြုခြင်းကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ လျော့ချနိုင်ခြင်းလူ၊ အပင်နှင့် တိရစ္ဆာန်တို့အတွက် အန္တရာယ်ကင်းပြီး သဘာဝပတ်ဝန်းကျင်ဂေဟစနစ် မပျက်စီးစေဘဲ ရေရှည်ထိန်းသိမ်းနိုင်ပြီး ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်ခြင်း၊ သီးပင်၊ စားပင်၊ ပန်းမာလာများ ကြီးထွားသန်မာခြင်း၊ ခူးဆွတ်ပြီး ရေရှည်သိမ်းဆည်းနိုင်ခြင်း၊ စားသုံးသူပြည်သူများအတွက် ဓာတုအဆိပ်အတောက်ဖြစ်မှုမှ ကင်းဝေးစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

ဇီဝသဘာဝရွက်ဖျန်းဆေးများ အသုံးပြုခြင်းကြောင့် ဇီဝမျိုးစုံ၊မျိုးကွဲများ (Biodiversity)ကို မပျက်စီးစေဘဲ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် (ecosystem)ကို ရေရှည်ဟန်ချက်ညီစွာ ထိန်းသိမ်းနိုင်သည့်အပြင် စပါး၊ ကောက်ပဲသီးနှံအမျိုးမျိုးနှင့် သီးပင်စားပင်များအတွက် အကျိုးရှိသော ဇီဝထုတ်ကုန် အပင်အားဖြည့်ဆေးရည်များဖြစ်ကြောင်း ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (၄၈၅)



# အခြေခံပညာအထက်တန်းဆင့် Grade-11 နှင့် Grade-12 ကျောင်းသား ၊ ကျောင်းသူများအတွက် ဥပဒေအသိပညာပေးရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်

**မိုးညှင်း ဇန်နဝါရီ ၇**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့် Grade-11 နှင့် Grade-12 တွင် ဥပဒေဘာသာရပ် ထည့်သွင်းသင်ကြားနိုင်ရေး ဆရာ၊ ဆရာမများ ဆရာဖြစ်သင်တန်း (TOT)ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ကျော်က အခြေခံပညာအထက်တန်းဆင့် Grade-11 နှင့် Grade-12 ကျောင်းသား၊ သူများအတွက် ဥပဒေအသိပညာပေးရေး ဆရာဖြစ်သင်တန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်ငြိမ်းလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံးမှ ခရိုင်တာဝန်ခံဆရာကြီး ဦးတိုးအောင်က အဆိုပါသင်တန်း၏ စည်းမျဉ်းစည်းကမ်းချက်များနှင့် သင်တန်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ၎င်းသင်တန်းအား သတ်မှတ်ခေါင်းစဉ်များအလိုက် သက်ဆိုင်ရာ သင်တန်းမှူးများမှ သင်တန်းပို့ချပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကို မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များမှ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၇၆ ဦးဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ၅ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ။




## ဆံပင်ကျွတ်ခြင်းဖြစ်စေတဲ့ အကြောင်းအရာများ

ဆံပင်ကျွတ်တယ်ဆိုတာ ပုံမှန်ဖြစ်စဉ်တစ်ခုပါပဲ။ လူတစ်ယောက် တစ်နေ့ကိုပုံမှန်အားဖြင့် ဆံပင်အပင် ၁၀၀ ဝန်းကျင် ကျွတ်လေ့ရှိပြီး တစ်ခါတစ်လေမှာ အခြားအကြောင်းရင်းများကြောင့် ပုံမှန်ထက်ပိုကျွတ်ပြီး ဆံပင်ပါးခြင်း၊ ထိပ်ပြောင်ခြင်းခြင်းတွေ ဖြစ်လာပါတယ်။ ပုံမှန်မဟုတ်တဲ့ ဆံပင်ကျွတ်ရခြင်းအကြောင်းရင်းတွေကိုဖော်ပြပေးလိုက်ပါတယ်။

(၁) မျိုးရိုးဗီဇ - ဆံပင်ကျွတ်ခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ မိသားစုထဲမှာ ထိပ်ပြောင်တဲ့သူရှိခြင်းကြောင့် ဖြစ်ပါတယ်။ လေ့လာမှုများအရ မျိုးရိုးဗီဇအပြင် ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများဖြစ်တဲ့ စိတ်ဖိစီးမှုနဲ့လေထုညစ်ညမ်းခြင်း စတာတွေဟာလည်း ဆံပင်ပါးခြင်း ဆံပင်ကျွတ်ခြင်းကို ဖြစ်စေပါတယ်။ ဒီအကြောင်းအရာများဟာ Androgen လို့ခေါ်တဲ့ အမျိုးသားဟော်မုန်းနဲ့ဆက်စပ်နေပြီး ဆံပင်ပေါက်ခြင်းဖြစ်စဉ် (Hair Growth Cycle) မှာ အဓိကကျပါတယ်။



(၂) ဖျားနာခြင်း-ခွဲစိတ်ကုသမှု၊ စိတ်ဖိစီးမှု၊ စိတ်ဒဏ်ရာ-တွေဟာလည်း ယာယီအချိန်ကာလအတွင်း ဆံပင်ကျွတ်ခြင်းကိုဖြစ်စေပြီး အများအားဖြင့် ဘာကုသမှုမှမလိုဘဲ သူ့အလိုလိုပြန်ပေါက်ပါတယ်။

(၃) ဟော်မုန်းပြောင်းလဲခြင်း- ဟော်မုန်းပြောင်းလဲခြင်းကြောင့် ယာယီဆံပင်ကျွတ်ခြင်း ဖြစ်နိုင်ပြီး အထူးသဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ ကလေးမွေးချိန်၊ ကိုယ်ဝန်တားဆေးရပ်တန့်ချိန်၊ ဓမ္မတာဆုံးချိန် စတဲ့အချိန်တွေမှာ ဖြစ်ပွားနိုင်ပါတယ်။

(၄) ရောဂါအခံရှိခြင်း- သိုင်းရွိုက်ရောဂါ၊ ဦးရေပြားမှာဖြစ်သောအရေပြားရောဂါ (Lichen Planus)၊ နာတာရှည်အရေပြားရောဂါပုံစံ (Lupus) ကဲ့သို့ ဦးရေပြားရောဂါပိုးများဟာလည်း အမာရွတ်ကြောင့် ဆံပင်ကျွတ်ခြင်းဖြစ်ပေါ်နိုင်ပါတယ်။


(၅) သောက်ဆေးများကြောင့် ဖြစ်တဲ့ဘေးထွက်ဆိုးကျိုး- ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်ရောင်ရောဂါ၊ စိတ်ကျရောဂါ စတာတွေအတွက် သောက်တဲ့ ဆေးများကြောင့် ဆံပင်ကျွတ်နိုင်ပါတယ်။

(၆) ရုတ်တရက်ကိုယ်အလေးချိန်ကျဆင်းခြင်း- အချိန်တိုအတွင်း ရုတ်တရက်ကိုယ်အလေးချိန် ကျဆင်းခြင်းကြောင့်လည်း ဆံပင်ကျွတ်နိုင်ပါတယ်။

(၇) အဖျားကြီးခြင်း-အဖျားတက်ခြင်းကြောင့် ဆံပင်ကျွတ်ခြင်းဖြစ်နိုင်ပါတယ်။

(၈) အာဟာရချို့တဲ့မှု - ပရိုတင်း၊ သံဓာတ်နဲ့ တခြားသောအာဟာရများကဲ့သို့ မရှိမဖြစ်လိုအပ်တဲ့ အာဟာရများ မရှိခြင်းကြောင့်လည်း ဆံပင်ပါးခြင်းကို ဖြစ်စေပါတယ်။

**Daisy**




## ညဘက်မှာစားသင့်တဲ့ အစားအသောက်များ

အစားစားတယ်ဆိုတာ ဗိုက်ဝဖို့လည်းအရေးကြီးသလို စားလိုက်တဲ့အစားအသောက်တွေကလည်း ကျန်းမာရေးနဲ့ ညီညွတ်ဖို့ လိုပါတယ်။ အများစုက မနက်စာကို အဆင်ပြေသလိုစားတတ်ကြပြီး တစ်နေကုန်အလုပ်လုပ် ညနေဘက်အလုပ်ဆင်းချိန်ရောက်မှ ညစာကို စားချင်တဲ့အစားအသောက်ကိုဝဝလင်လင်စားတတ်ကြပါတယ်။ တကယ်တမ်းညဘက်အစားအစာအများကြီးစားခြင်းက ရေရှည်ကျန်းမာရေးအရကြည့်ရင် မကောင်းပါဘူး။ ညဘက်မှာ အဆီ၊ အငန်၊ ဆီကြော်စာနဲ့ ကယ်လိုရီများတဲ့အစားအစာ၊ ဘီယာနဲ့ နူတ်မြိန်စာတွေစားတတ်လေ့ရှိကြတာကြောင့် အဆီတွေတက်တဲ့အပြင် အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်တွေ ဖြစ်စေပါတယ်။ မနက်စာစားပြီး နေ့ခင်းကျရင် ဝအောင်စားထားပြီးရင် ညဘက်အစားစားချင်တယ်ဆိုရင်တော့ ကျန်းမာရေးညီညွတ်တဲ့ အစားအစာတွေကို စားပေးတာက ရေရှည်ကျန်းမာရေးအတွက်လည်း ကောင်းသလို အဆီလည်းကျစေပါတယ်။ ညဘက်မှာ ဒိန်ချဉ်၊ ကြက်ဥပြုတ်၊ ပန်းသီး၊ စတော်ဘယ်ရီ၊ ချယ်ရီသီး၊ အုတ်ဂျုံ၊ ငှက်ပျောသီး၊ ချောကလက်၊ နွားနို့စသည့် အစားအစာတွေကို စားသုံးပေးခြင်းအားဖြင့် ဗိုက်လည်းပြည့်စေပြီး အဆီကျ ကျန်းမာလှပစေပါတယ်။ **Daisy**

## အမျိုးသားများအတွက် အသားအရေကြည်လင်စေမယ့် အသားအရေအခြေခံထိန်းသိမ်းနည်း

အမျိုးသားတွေဟာ ရုပ်ရည်အတွက် အထူးတလည် ပြင်ဆင်ခြယ်သလေ့မရှိကြပါဘူး။ ဒါပေမယ့်လည်း ကြည်လင်ပြီး ကျန်းမာတဲ့အသားအရေ ရရှိဖို့တော့ ယောက်ျားလေးတိုင်း ဂရုစိုက်သင့်ပါတယ်နော်။ ကျန်းမာတဲ့ Skin ကို ရရှိဖို့ Skin Care ကို ပုံမှန်ပြုလုပ်သင့်ပါတယ်။ ဒါကြောင့် အသားအရေ ပိုမိုကြည်လင်စေဖို့အတွက် နည်းလမ်းကောင်းတချို့ကို ဖော်ပြပေးချင်ပါတယ်။

အမျိုးသားနဲ့ အမျိုးသမီး အရေပြားတွေဟာ မတူညီကြပေမယ့် အရေပြားထိန်းသိမ်းမှု အခြေခံတွေကတော့ ကွဲပြားခြားနားမှု သိပ်မရှိပါဘူး။

ပထမဆုံးအနေနဲ့ ကိုယ့် Skin Type ကို ကွဲပြားစွာ သိဖို့ လိုပါတယ်။

သုံးနေကြမဟုတ်တဲ့ Skin Care တွေကို အသုံးပြုမိတာနဲ့ အသားအရေလောင်တတ်တယ်၊ အသားအရေ နီမြန်းတတ်တယ်ဆိုရင် Sensitive Skin

အသားအရေ အမြဲမွဲခြောက်ပြီး ယားယံနေတတ်ရင် Dry Skin

အသားအရေ တောက်ပ၊ ချောမွတ်ပေမယ့် အဆီပြန်တတ်တယ် ဆိုရင်တော့ Oil Skin

အသားအရေက တချို့နေရာ အဆီပြန်ပြီး တချို့နေရာက ခြောက်သွေ့နေတယ်ဆိုရင်တော့ Combination Skin

မိမိက ဘယ်အသားအရေ အမျိုးအစားလဲဆိုတာကို သေချာသိပြီဆိုရင်တော့ အသားအရေကို ဘယ်လိုဂရုစိုက်သင့်တယ်၊ ဘယ်လိုမှန်ကန်တဲ့ နည်းလမ်းတွေ အသုံးပြုသင့်တယ် ဆိုတာကို ဆက်လေ့လာလို့ ရပါပြီ။

၁။ ဝက်ခြံပေါက်လွယ်နိုင်တဲ့ အသားအရေကို ပိုင်ဆိုင်သူတွေအနေနဲ့ Oil Free ပါတဲ့ Product တွေကို သုံးသင့်ပါတယ်။

၂။ မျက်နှာကို တစ်နေ့ (၂) ကြိမ် ပုံမှန်သစ်ပါ။ မျက်နှာသစ်ရာတွင် ရေနွေးနွေးလေးကို အသုံးပြုပေးရင် ပိုအဆင်ပြေပါတယ်။

၃။ Moisturizer ကို အသုံးပြုပေးပါ။ Moisturizer ကို အသုံးပြုခြင်းဟာ အသားအရေကို ပိုမိုတောက်ပစေပြီး ပိုမိုနုပျိုစေပါတယ်။ အကောင်းဆုံးကတော့ ရေချိုးပြီးခါစ အခြေအနေမှာ Moisturizer သုံးပေးတာဟာ အစိုဓာတ်ကို ပိုမိုစိမ့်ဝင်စေတဲ့အတွက် အသားအရေအတွက် ပိုမိုကောင်းမွန်စေပါတယ်။

၄။ ဆေးလိပ်သောက်တတ်သူဆိုရင် ဆေးလိပ်ကို တက်နိုင်သမျှလျှော့ပါ။ ဆေးလိပ်မှာပါဝင်တဲ့ ဓာတုပစ္စည်းတွေဟာ အသားအရေကို ပိုမို မွဲခြောက်စေနိုင်ပါတယ်။

၅။ အသင့်စား အစားအစာတွေကို တက်နိုင်သလောက်ရှောင်ပါ။ အသင့်စား အစားအစာတွေကို စားသုံးခြင်းရဲ့ နောက်ကွယ်မှာတော့ ကိုယ်အလေးအချိန်ကို တိုးစေရုံသာမက Sensitive အသားအရေ ပိုင်ရှင်တွေဆိုရင် ဒီအစားအစာတွေက အသားအရေကို ပျက်စီးစေပါတယ်။

၆။ ရေများများသောက်ပါ။ လူ့ခန္ဓာကိုယ်ဟာ ရေဓာတ် ၇၀ ရာခိုင်နှုန်းနဲ့ ဖွဲ့စည်းထားတဲ့အတွက် ရေများများ သောက်တာက အသားအရေကို စိုပြည်စေမှာပါ။

၇။ အိမ်ပြင်ထွက်ရင် Sun Cream ကို အသုံးပြုပေးပါ။ အစက်အပြောက်များနဲ့ အရေပြားကင်ဆာကို ဖြစ်စေနိုင်တဲ့ နေရောင်ခြည်ဒဏ်ကို ကာကွယ်ဖို့အတွက် အိမ်ပြင်မထွက်မီ နား၊ လည်ပင်းနဲ့ နူတ်ခမ်း အပါအဝင် နေရောင်ခြည်ထိတွေ့နိုင်တဲ့ နေရာအားလုံးကို SPF 30 ပါဝင်တဲ့ ရေစိုခံ နေရောင်ကာကွယ်ဆေးကို သုံးသင့်ပါတယ်။

အထက်ပါနည်းလမ်းတွေနဲ့ အရေပြားကို ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင်တော့ ကျန်းမာပြီး ကြည်လင်တဲ့ အသားအရေကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**Daisy**




## သတိထားသင့်တဲ့ ကျန်းမာရေးဆိုင်ရာအချက်ပြလက္ခဏာများ

လူ့ခန္ဓာကိုယ်ဆိုတာ ရှုပ်ထွေးတဲ့ သက်ရှိအစိတ်အပိုင်းတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်ပြီး တစ်ခုခုလွဲမှားတာနဲ့ အချက်ပေးတဲ့အနေနဲ့ ချို့ယွင်းပျက်စီးမှုတွေ ပြပေးလေ့ရှိပါတယ်။ ဖျားချင်သလိုဖြစ်လာပြီဆိုရင် ကိုယ်ပူပြီး မအီမသာနဲ့ နေလို့ထိုင်လို့မကောင်းတဲ့အနေနဲ့ အချက်ပြပေးတာကြောင့် အဖျားမကြီးခင် ဆေးသောက်၊ ဆေးခန်းသွားပြီး ဆေးကုခြင်း၊ နွေးနွေးထွေးထွေးနေပြီး အာဟာရရှိတဲ့ အစားအသောက်တွေစားခြင်းပြုလုပ်ပြီး ပြန်ကောင်းအောင်ပြုလုပ်ကြပေမယ့် ခန္ဓာကိုယ်ကတချို့ပြောင်းလဲမှုတွေကိုတော့ သတိမထားမိဘဲ အမှုမဲ့ အမှတ်မဲ့ နေရင်းကနေ ဆိုးရွားတဲ့အခြေအနေထိဖြစ်လာပြီး ကုသဖို့ခက်ခဲတာတွေထိဖြစ်နိုင်ပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်က သတိထားသင့်တဲ့ ပြောင်းလဲမှုတွေကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ခြေထောက်များ ရောင်ရမ်းခြင်း**

ခြေထောက်က ထိခိုက်မိတာမျိုးမရှိဘဲ ရောင်နေတယ်ဆိုရင် အဆစ်အမြစ်ကိုက်ခြင်း၊ ရောင်ခြင်းနှင့် အခြားရောဂါကြီးတွေ ထိပါဖြစ်တတ်တာမျိုးရှိတာကြောင့် ဆေးခန်းသွားပြီး ကုသင့်ပါတယ်။

**(၂) မျက်နှာဖောရောင်ခြင်း**

အငန်၊ အချို၊ အရက်၊ ဘီယာတွေ စားသောက်တာများလွန်းရင် မျက်နှာဖောင်းပြီးဖောသလို ဖြစ်တတ်ပေမယ့် အဲ့လိုဖောရောင်စေတဲ့ အစားအသောက်မျိုးစားထားခြင်းလည်းမရှိဘဲ ပုံမှန်ထက်ကို ပိုပြီး ဖောရောင်နေတယ်ဆိုရင်တော့ အစားအသောက်ဓာတ်မတည့်ခြင်း၊ သွေးတိုးနဲ့ အခြားရောဂါတွေဖြစ်တတ်တာကြောင့် မပေါ့သင့်ဘဲ ဆေးခန်းကို သွားပြဖို့လိုအပ်ပါတယ်။

**(၃)အစားစားချင်စိတ်မရှိခြင်း**

အစားစားချင်စိတ်မရှိလို့ ဝိတ်ကျတယ်ဆိုပြီးတွေးမနေသင့်ပါဘူး။ အစားစားချင်စိတ်မရှိတာရက်ကြာလာပြီဆိုရင်တော့ အာဟာရဓာတ်ချို့တဲ့ခြင်း၊ အားအင်မရှိခြင်း၊ ကိုယ်ခံအားကျဆင်းပြီး ဖျားနာခြင်းတွေအပြင် စိတ်ကျဝေဒနာခံစားရခြင်းနဲ့ အခြားရောဂါကြီးတွေဖြစ်တတ်တာကြောင့် သတိထားသင့်ပါတယ်။

**(၄) အရေပြားယားယံပြီး အရောင်ပြောင်းခြင်း**

အရေပြားယားယံတာဟာ ဖြစ်လေ့ဖြစ်ထရှိတတ်တာကြောင့် ယားတာဟာ ဖုန်မှုန့်၊ ပိုးမွှားနဲ့ ဓာတ်မတည့်မှုကြောင့်အပြင် ဆီးချိုရောဂါနဲ့အခြားအရေပြားရောဂါတွေဖြစ်တတ်တာကြောင့် သတိထားဖို့လိုပါတယ်။ **Daisy**

## တင်ကုန်းကျေးရွာ အ-မ-က ကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ



**မောက်မယ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ စဉ့်ဝင်ကျေးရွာအုပ်စု၊ တင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင်ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများတက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်အေးမြင့်ခိုင်က ပညာရေးဆိုင်ရာကိစ္စရပ်များအား အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခြေခံပညာမူလတန်းကျောင်း(တင်ကုန်း) ကျောင်းအုပ်ဆရာကြီး ဦးခွန်ချစ်လယ်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းပညာရေးသာမက အခြားဘက်စုံထူးချွန်ရေးတို့အတွက် မိဘ၊ ဆရာ၊ ကျောင်းသားတို့မှ ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံပညာထူးချွန်ရေးတို့အတွက် မိမိတို့ကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများမှ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးကြသော ကျောင်းသားမိဘအလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ကာယ၊ ဉာဏထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူလေးများက တေးသရုပ်ဖော် တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲ လူရွေးပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**မြစ်သား ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကလေးငယ်များ ကိုယ်ကာယကျန်းမာသန်စွမ်းစေရန် ရည်ရွယ်၍ အကြီးတန်း၊ အလယ်တန်း၊ အငယ်တန်း ကာယစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီက မြစ်သားမြို့ မူလတန်းကြိုကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ကာယစွမ်းရည်ပြိုင်ပွဲတွင် ကစားနည်းများဖြစ်သည့် ဘောလုံးလွန်းပျံပြိုင်ပွဲ၊ ခွက်ထပ်ပြိုင်ပွဲ၊ အရုပ်ကောက်ပြိုင်ပွဲ စသည့် ကစားနည်းမျိုးစုံ ကစားခဲ့ကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ကျောက်ဆည်ခရိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင်ရောက်ခဲ့သည့် ပြိုင်ပွဲဝင်ကလေးငယ်များအား အမှတ်တရလက်ဆောင်အရုပ်များပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဘိုဘိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဌေးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ဇာဝင်းနှင့်ဆရာမများ၊ ကလေးငယ်များ၏မိဘများနှင့် ပြိုင်ပွဲဝင်ကလေးငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့်(ပြန်/ဆက်)**

*-*-*-*-*






## ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းခြင်း ဆောင်ရွက်

**မိုင်းစံ ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၊ စာဖတ်ဝါသနာပါသူများ၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအား စာပေများလက်ဝယ်အရောက် ငှားရမ်းဖတ်ရှုနိုင်ရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အားလပ်ချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ စာဖတ်ပရိသတ်များထံ လက်ဝယ်အရောက် ငှားရမ်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို မိုင်းစံမြို့၊ ရုံးဝန်ထမ်းများက ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများအား အလှည့်ကျသွားရောက်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ဝေလေး

## ရေခပ်ဆင်းချိန်

* နေလုံးနီနီ စောင်းသွားပြီ
ဆည်းဆာချိန် နာရီ။

* ပျို့မဒီခင် ဖော်တစ်သင်း
သူတို့ ရေခပ်ဆင်း။

* သီချင်းသံပြိုင် ဆိုလို့ရယ်
စ,ရင်း နောက်ရင်းကွယ်။

* မောတယ် ပန်းတယ် မေ့လို့ထား
သူတို့ ပျော်ပျော်ပါး။

* ကာလသားတွေ ယောင်လည်လည်
နောက်က လိုက်ကြတယ်။

* နာပျော်ဖွယ် ပုလွေသံလေး
ချစ်တေးကြူသံပေး။

* မလေးခင်မှာ ရက်သွေးဖြာ
ပါးလေးနီမြန်းရှာ။

* ချစ်စရာကောင်းတဲ့ ဒီဓလေ့
ကျေးလက်မှာသာတွေ့။

* ပျော်မွေ့ဖွယ်ရာ တို့တောရွာ
အလည်လာခဲ့ပါ။

* သာယာပုံတွေ အံ့မခန်း
လိုက်လို့ပြချင်စမ်း။ ။

ချမ်းမြေ့မိုး(မန္တလေး)

## သတင်းပဒေသာ

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် မွေးစမှအသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၆ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်၌ ဆောင်ရွက်ပေးသည်။ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးကြသည်။ ထို့အပြင် ဟုမ္မလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါ အထက်တန်းကျောင်း၊ အောင်ဆန်းခန်းမ၌ ကျင်းပခဲ့ရာတွင် စုံညီပွဲတော် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားတွင် တာဝန်ခံခရိုင်ပညာရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန္ဒာလင်းတို့က အဖွင့်အမှာစကား ပြောကြားကြရာတွင် မိမိတို့ကျောင်းတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံပညာ ထူးချွန်တိုးတက်ရေးအတွက် မိမိတို့ပညာရေးဌာန၊ ဆရာ၊ ဆရာမများ၏ ဆောင်ရွက်ရမည့် တာဝန်များ၊ ကျင့်ဝတ်များနှင့် ထားရှိရမည့် စိတ်ဓာတ်တို့ကိုလည်းကောင်း၊ ပညာရေးစုံညီပွဲတော်၏ အဓိပ္ပာယ်နှင့် အနှစ်သာရတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများက တန်းစဉ်အလိုက်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပို့ချ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကျိုင်းတုံတက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၏ ဆွေးနွေးပို့ချခြင်းကို ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက အ·ထ·က(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ဆွေးနွေးပို့ချလျက်ရှိသည်။ ထိုသို့ ဆွေးနွေးပို့ချရာတွင် ကျိုင်းတုံတက္ကသိုလ်၊ သမိုင်းဌာနမှ ဒေါက်တာနွယ်နွယ်အောင်ဦးစီးသည့် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ (၁၀)ဦးသည် သက်ဆိုင်ရာဘာသာရပ်များအလိုက် မေးခွန်းပုံစံများ၊ စာဖြေရာတွင် မေးခွန်းများကို ဖတ်ရှု၍ စနစ်တကျဖြေဆို နည်းများကို အသီးသီးဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ်ဖော်ဆောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင်၂၀၂၄-၂၀၂၅ ပညာသင်နှစ် အမှတ်(၉)အခြေခံပညာမူလတန်းလွန်ကျောင်း၏ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(Clean and Green School Action Plan) အဖြစ် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာ၍ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန်အတွက် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ အဆိုပါ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(Clean and Green School Action Plan) ဖော်ဆောင်ရေးလုပ်ငန်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်တို့က ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၇**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် မန္တလေးမြို့နေ ဦးဝင်းနိုင်+ဒေါက်တာသန်းသန်းမြင့် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ သင်တန်းကျောင်းဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၃၆)**

## သံဃရတနာကျောင်းဆောင်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပွဲကောက်ရွာရှိ သာသနာရာမ ရွှေမင်းဝံရိပ်သာကြီးတွင် သံဃာတော်များ သီတင်းသုံးတော်မူနိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်လျက်ရှိသော အလျား ၃၅ပေ× အနံ ၃၅ ပေရှိ တစ်ထပ် သံဃရတနာကျောင်းဆောင်အတွက် မန္တလေးမြို့နေ မိခင်ကြီး ဒေါ်စန်းကြည်နှင့် ခင်ပွန်းဖြစ်သူ ဦးဝင်းနိုင်တို့အား ရည်စူး၍ ဒေါ်ခင်ပြုံးဝင်း၊ (သား)မောင်အောင်ဘုန်းနိုင်၊ မောင်စွမ်းထက်နိုင် မိသားစုတို့က မ,တည်အလှူငွေကျပ်ငါးသိန်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တသာသန(သာသနဓဇမှာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ)ထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

**(ဝ၅၃)**





## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့၊ အလှူငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို ဇန်နဝါရီ ၅ရက် နံနက် ၇နာရီခွဲက အောင်မြေသာစံမြို့နယ် ရွှေကျီးမြင်ဘုရားတွင် ပြုလုပ်သည်။

သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေးဆုတောင်း မေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင်အရန်မီးသတ်တပ်ဖွဲ့ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး နန်းစဉ် ရွှေကျီးမြင်ဘုရားများအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး ကန်တော့၍ ဆုတောင်း မေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက ရွှေကျီးမြင်ဘုရားအား အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (ကဆ)**

**မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့် လျှဒါန။**

မန္တလေး ပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဌာနသို့ New Starlight Group of Companies မှ အလှူငွေကျပ် သိန်း ၃၀၀ကို ယမန်နေ့က ပေးအပ်လှူဒါန်းစဉ်။ (ကဆ)




## မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၇**

ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ဦးစီးတည်ထောင်တော်မူခဲ့သည့် မန္တလေး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး အလှူခံဌာနသို့ အလှူရှင် နန်းဦးလွင်ရပ်ကွက်နေ ဦးမျိုးချစ်က မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးရုံး ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူခဲ့ပြီး သာဓုအနုမောဒနာခေါ်ဆိုကြကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။



ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူတော်ငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ၀၉-၈၉၂၉၅၃၀၈၂နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ) (မန္တလေးနေ့စဉ်-၁)**

# ပြာသိုလရာသီပွဲများနှင့် ဆေးဖက်ဝင်ခွာညိုပန်းအကြောင်း သိကောင်းစရာအဖြာဖြာ

မြန်မာ့ဆယ့်နှစ်လရာသီတွင် 'ပြာသိုလ'သည် ဆယ်လမြောက် ဖြစ်သည်။ ဆောင်းရာသီ၏ အလယ်ဗဟိုကျ၍ ဥတုအားဖြင့် ဟေမန္တဆောင်းဥတု ဖြစ်ကာ အခြားသောလများထက် ပိုအေး၊ပိုချမ်းသော လဖြစ်သည်။ ထို့ကြောင့်ပင် 'နှမ်းဝါဆို၊ ညပြာသို' ဟူ၍ ပြာသိုည၏ အချမ်းလွန်ကဲပုံကို ရည်ညွှန်းကြသည်။ ထိုလတွင် ကောင်းကင်ပြာသည် မိုးတိမ်များ ကင်းရှင်း၍ သာယာလှပသည်။ နေဝင်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ခွင်တွင် မြူနှင်းများကျလာတော့သည်။ ထို့ကြောင့် 'မြူနှင်းစိုစိုလပြာသို'ဟု တင်စားခေါ်ကြပါသည်။ 'ပြာသိုချမ်းပြင်း ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်'ဟူသော အဖွဲ့ဖြင့် ရာသီ၏သဘာဝကို ရှေးပညာရှင်တို့က မှတ်သားဖွယ်ဖော်ပြခဲ့ကြသည်။

ပြာသိုလဟူသော စကားသည် ပြာနှင့်သို စကားလုံးတို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ပြာသည် ဖယောင်းမှ စုဆောင်းသိမ်းခြင်းဟု အနက်ရသည်။ ထို့ကြောင့် ပြာသိုလဟူသည် ရှေးကမီးထွန်းရာတွင် သုံးရသော ပျားဖယောင်းအဆီများကို စု၍အရဆုံး လ၊ စုဆောင်းသိမ်းသောလဟု ရှေးမြန်မာတို့က ယူဆသတ်မှတ်ခဲ့ကြသည်။ ပြာသိုလမှာ ရက် ၃၀ ရှိသောကြောင့် ရက်စုံသောလ ဖြစ်သည်။ ပြာသိုလ၏ ရက်ရာဇာမှာ ကြာသပတေးနှင့် စနေဖြစ်ပြီး ပြဿဒါးနေ့မှာ ဗုဒ္ဓဟူးနှင့် သောကြာ ဖြစ်သည်။ ပြာသိုလမှာ မြန်မာစက်နာရီအားဖြင့် နေ့မှာ ၂၄ နာရီ၊ ည ၃၆ နာရီ ဖြစ်ကာ ညတာအရှည်ဆုံး ဖြစ်သည်။

မာဂဓဘာသာဖြင့် 'ပေါသီ'ဖြစ်ပြီး ထိုမှတစ်ဖန် ကက္ကဋ(သက္ကတ)ဘာသာဖြင့် 'ပြောသီ'ဟု ရေးသည်။ ပုဂံခေတ်ကျောက်စာများတွင် ပ္လသိုဝ်ဟုလည်းကောင်း၊ ပ္လါသိုဝ်ဟုလည်းကောင်း ရေးထိုးခဲ့ကြသည်။ ထိုနှစ်မျိုးတွင် ရေးချမပါသော အရေးအသားက ပို၍တွင်ကျယ် အသုံးများခဲ့သည်။ ထိုမှတစ်ဖန် ယနေ့ခေတ်ကာလတွင် မြန်မာအခေါ်အဝေါ် 'ပြာသို'ဟု ရွေ့လျားပြောင်းလဲလာပါသည်။ ပြာသိုလသည် အင်္ဂလိပ်ပြက္ခဒိန်အရ (Capricorn)မကာရရာသီဟု သတ်မှတ်ပြီး ရာသီရုပ်ကို ဆိတ်ရုပ်ဖြင့် ပုံဖော်ကြသည်။ ပြာသိုလပြည့်ည၏ သန်းခေါင်အချိန်တွင် 'ဖုဿျ'နက္ခတ်နှင့် 'ပုစွန်တာရာ'တို့ စန်းယှဉ်ထွန်းလင်းတယ်ဟုလည်း အဆိုရှိခဲ့ပါသည်။ ရာသီအားဖြင့် 'မကာရ'ဆိုသော မကန်းငါး(မိကျောင်း)ဟု အဓိပ္ပာယ်ရသဖြင့် ရာသီရုပ်ကို သမင်ဦးခေါင်းနှင့် မကန်းငါးကိုယ်ဟု ပုံဖော်မှန်းဆကြသည်။

### ပြာသိုလ ရာသီပွဲများ

ပြာသိုလသည် သဘာဝရာသီ သာယာသည်နှင့်အမျှ ရာသီပွဲဖြစ်သော မြင်းခင်းသဘင်(ခေါ်) မြင်းစီးသူရဲကောင်းတို့၏ စွမ်းရည်ပြိုင်ပွဲ၊ ဆင်ခင်းသဘင်(ခေါ်)စစ်သုံးအာဇာနည်ဆင်ကောင်းများ ရွေးချယ်ပွဲ၊ ဂူလီသဘင်၊ ဂူလီရိုက်ပွဲ(ခေါ်)မြင်းပေါ်မှ ဂူလီကိုဂေါက်တံဖြင့် လုယက်ဂိုးသွင်းခြင်းဖြင့် မြင်းစီးစွမ်းရည်ပြပွဲ စသည်တို့ကို ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးမှူးကျင်းပရာ ဂုဏ်ယူဖွယ် လတစ်လဖြစ်သည်။ ပင်းယခေတ် တစ်စီးရှင်သီဟသူလက်ထက်တွင် မြင်းခင်းသဘင်စတင်ကျင်းပခဲ့ကြောင်း လေ့လာမှတ်သားရသည်။ မြင်းခင်းသဘင်ဟုဆိုသော်လည်း မြင်းရေးသက်သက်သာမက ဓားခုတ်၊ လှံထိုး၊ လေးအတတ် စသော အဋ္ဌာရသ အမျိုးမျိုးကိုပါ ထည့်သွင်းယှဉ်ပြိုင်ကြသော ပွဲကြီးလည်းဖြစ်သည်။ ထို့ကြောင့် ထိုပွဲများသည် နိုင်ငံတော်ကာကွယ်ရေး၊သူရဲကောင်းများပေါ်ထွက်ရေး၊ ဆင်ကောင်း၊ မြင်းကောင်းများ စုဆောင်းရေးတို့ကို မျှော်ကိုးပြီးကျင်းပသော ပွဲကြီးပွဲကောင်းများ ဖြစ်သည်။

ပြာသိုလ မြင်းခင်းသဘင်နှင့်ပတ်သက်၍ 'ခါးပတ်တော်မှာ ရွှေချည်ဆုံ၊ မိုင်းလုံးရွှေဝတ်လုံ၊ မလုံသာ ချမ်းအေးမြ'ဟူသော အဖွဲ့ဖြင့် စာဆိုပြည်မင်းမျက်နှာရှည်က ဖွဲ့ဆိုပြထားပါသည်။ ထို့ပြင် ပြာသိုလ၏ နှင်းမှုန်များအောက်တွင် မြင်းခင်းသဘင်ပွဲတို့ ဆင်နွှဲနေသည့် သူရဲကောင်းတို့၏ ပုံသဏ္ဌာန်ကို ဆီသည်ရှာစား ဦးအောင်ကြီးကလည်း 'ခြေလျင်ခြေချင်း၊ မြင်းလှည်း၊ မြင်းလျှောက်၊ ထိုးမြှောက်လှံလေး၊ ခုန်ပြေးသံလျှင် စိုင်းနှင့်ကြွားကြွား ဓားသွားနုတ်ငင်၊ မွမ်းမွမ်းဖြင်မျှ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်'ဟု သရုပ်ဖော်ရေးဖွဲ့ခဲ့သည်ကိုလည်း မှတ်သားဖူးပါသည်။

ထို့ပြင် ပြာသိုလသည် မြန်မာ့သမိုင်းတွင် ထူးမြတ်သောလ ဖြစ်သည်။ မြန်မာနိုင်ငံသည် ကိုလိုနီခေတ်က ကျွန်ဘဝ ရောက်ရသည်။ သူ့ကျွန်မခံလိုသော မြန်မာများသည် လွတ်လပ်ရေးကို မိမိရရ ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးရရှိသောနေ့မှာ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်ဖြစ်ရာ ပြာသိုလသည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သောလ ဖြစ်သည်။

### ပြာသိုလ ရှင်တစ်ထောင်အခါတော်နေ့

ပြာသိုလပြည့်နေ့ကို 'ရှင်တစ်ထောင် အခါတော်နေ့'ဟု ခေါ်ဆိုမှတ်ယူကြသည်။ ပြာသိုလရာသီပွဲများကို လူသိများသော်လည်း ရှင်တစ်ထောင် အခါတော်နေ့ကိုမူ နှောင်းလူများအနေဖြင့် သိသူနည်းလွန်းသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဥရုဝေလတောအုပ်၌ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင်သုံးဦးတို့သည် အကြီးအမှူးပြု၍ ဥရုဝေလကဿပ၌ တပည့်ငါးရာ၊ နဒီကဿပ၌ တပည့်သုံးရာ၊ ဂယာကဿပ၌ တပည့်နှစ်ရာ အသီးသီးရှိကြ၍ မြစ်ကွေ့တစ်ခုစီတို့ကို မှီလျက်နေကြသည်။ ကိလေသာတရားတို့ ခေါင်းပါးပျက်ပြယ်အောင် ရေငုပ်၊ ဇယ်ပုံ၊ ကြိုးခုန်စသော ကစားနည်းအမျိုးမျိုး ကစားကြပြီးနောက် မိမိကိုယ်ကိုမီးကင်၍ အပူပြင်းစွာဖြစ်လာသောအခါ 'ကိလေသာကိုရေမှာမျှောအံ့' ဟု ရေသို့တစ်ဖန်ဆင်း၍ မှားသောအယူကို ကျင့်ကြသည်။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပထမဝါကျွတ်ပြီးနောက် ရသေ့တစ်ထောင်အားချွတ်ရန် ဥရုဝေလတောသို့ တန်ဆောင်မုန်းလပြည့်နေ့၌ ရောက်တော်မူသည်။ ပြာသိုလပြည့်နေ့အထိ ၂ လကြာမျှ ဥရုဝေလတောတွင် သီတင်းသုံးကာ ရသေ့များအား စည်းရုံးခဲ့သည်။ ထို့နောက် ရသေ့တစ်ထောင်သည် အယူမှားကို စွန့်လွှတ်ကာ ပြာသိုလပြည့်နေ့၌ ဗုဒ္ဓ သာသနာတော်သို့ ကူးပြောင်းရောက်ရှိခဲ့သည်။ ဤသည်ကို အစွဲပြု၍ ပြာသိုလပြည့်နေ့ကို 'ရှင်တစ်ထောင်နေ့' ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

### ပြာသိုလပြည့် အမေနေ့

အမေဆိုသည်မှာ သက်ရှိသတ္တဝါအားလုံးနှင့် သက်ဆိုင်သည်။ အမေကမွေးဖွားပေးသဖြင့် ဘဝတစ်ခုကို ရရှိကြသည်။ 'ပြာသိုလပြည့် အမေနေ့' ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မိခင်၏ ကျေးဇူးကြီးမားပုံကို နားလည်သဘောပေါက်ကြပြီး ကျေးဇူးတရားကိုအလေးအနက်ထားတတ်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

စာရေးဆရာကြီး ဒါရိုက်တာ ဦးသုခက ကျိုက်လတ်မြို့တွင် ကျန်ခဲ့သော မိခင်ကိုလွမ်းဆွတ်သတိရစွာဖြင့် သားသမီးတွေအပေါ်ထားရှိသော မိခင်မေတ္တာ ပြန့်ပွားရေးကို လှုံ့ဆော်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြာသိုလပြည့်နေ့မှာ ဟောပြောခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် မန္တလေးမြို့ အရှီးတောင်း ဦးကျော်သိန်း ဓမ္မာရုံကြီးမှာ အမေနေ့ဟောပြောပွဲကို ပထမဆုံး ကျင်းပခဲ့သည်။ ထိုပွဲတွင် အထင်ကရ စာဆိုတော်များဖြစ်ကြသည့် စာရေးဆရာကြီး ဦးသော်ဇင်၊ စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ၊ စာရေးဆရာကြီး ရန်အောင်၊ စာရေးဆရာကြီး တက်တိုး၊ စာရေးဆရာမကြီးများဖြစ်ကြသော လူထုဒေါ်အမာ၊ ဇောမုံညင်း၊ ခင်မျိုးချစ်တို့ကလည်း ဆရာကြီး ဦးသုခနှင့်အတူ အားတက်သရော ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အမေနေ့ ဟောပြောပွဲတွေကို ပြာသိုလပြည့်နေ့မှာ နှစ်စဉ်ကျင်းပနိုင်ရန် အတွက်ကိုလည်း ဆရာကြီး ဦးသုခက စာရေးဆရာ ချစ်စံဝင်းကို တိုက်တွန်းခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပထမဆုံး အမေများနေ့ကို မန္တလေးမြို့မှာ ၁၉၉၅ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ရန်ကုန်မြို့တွင် ၁၉၉၆ ခုနှစ် ရွှေတိဂုံဘုရားအရှေ့မုခ်မှာ ပြာသိုလပြည့်အမေနေ့ကို ကျင်းပနိုင်ခဲ့သည်။ ထိုအချိန်ကစ၍ နှစ်စဉ်နှစ်တိုင်း ပြာသိုလပြည့်နေ့ရောက်လျှင် မြန်မာပြည်အနှံ့ 'အမေ့ကျေးဇူးဟောပြောပွဲ'များ ကျင်းပလာခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာတို့၏ ဥတုသုံးလီ ၁၂ လရာသီ ရှိသည့်အနက် ပြာသိုလပြည့်နေ့ကိုမှ အမေနေ့အဖြစ် အထူးတလည် သတ်မှတ်ထားရခြင်း အချက် ၂ ချက် ရှိပါသည်။

* မြန်မာနိုင်ငံ၏ ဥတုရာသီအရ ပြာသိုလသည် ဆောင်းဥတု၏ အလယ်ဗဟိုကျ၍ အလွန်ချမ်းအေးသည့်လ ဖြစ်သည်။ ထို့ကြောင့် ဆရာကြီး ဦးသုခက မိခင်မေတ္တာ၏ အေးမြမှုနှင့် ထပ်တူကျသည့် ပြာသိုလကို ရွေးချယ်ခြင်းဖြစ်ပါသည်။

* သားသမီးများအတွက်ဆိုပါလျှင် မေတ္တာ တရားပြည့်ဝလှသည့် မိခင်မေတ္တာကို ဖော်ညွှန်းသည့်အနေဖြင့် လပြည့်နေ့ကို တခုတ်တရ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

ဤလောကဝယ် စကားလုံးတွေ မြောက်မြားစွာ ရှိကြသော်လည်း၊ အနှစ်သာရပြည့်နက်နေသည့် စကားလုံးလေး နှစ်လုံးသာ ရှိပါသည်။ ထိုအရာကား 'အမေ' ဖြစ်သည်။ သားသမီးတို့အား ဘေးအန္တရာယ်အပေါင်းက ကင်းဝေးစေရန် ကြီးမြတ်လှသည့် အကြင်နာ၊ မေတ္တာတို့ဖြင့် ကာကွယ်စောင့်ရှောက်ပေးနေသူဟာ အမေပါ။ ထို့ကြောင့် 'အမေဟာ အနှိုင်းမဲ့မိခင်'၊ 'အမေဟာ မဟာကရုဏာရှင်'၊ 'မဟာ မေတ္တာရှင်'ဟု ခေါ်ဆိုထိုက်ပါသည်။

ဗဟုသုတအနေဖြင့် ဆိုရပါရင် မြန်မာနိုင်ငံမှာ အမေနေ့ကို ပြည်သိုလပြည့်နေ့ သတ်မှတ်ထားသော်လည်း၊ နိုင်ငံတကာမှာ Mother's Day ကို မေလ၏ ဒုတိယရက်သတ္တပတ် တနင်္ဂနွေနေ့ အဖြစ်သတ်မှတ်သည်။ MOTHER ဆိုသည့် အက္ခရာတစ်လုံးချင်းစီမှာ အဓိပ္ပာယ်ရှိပါသည်။

* M = millions (အနှိုင်းမဲ့မေတ္တာနဲ့ ကိုယ့်သားသမီးတွေကို အရာခပ်သိမ်းပေးချင်တာ အမေပါ)

* O = old (အိုမင်းမစွမ်းတဲ့ထိ သားသမီးတွေအပေါ် ပေးဆပ်ချင်တာ အမေပါ)

* T = tears (သားသမီးတွေအတွက် စိုးရိမ်ကြောင့်ကြ မျက်ရည်ကျတတ်တာလည်း အမေပါ)

* H = heart (သားသမီးတွေကို ရင်နှစ်သည်းချာ ချစ်တတ်တာ အမေပါ)

* E = eyes (သားသမီးတွေကို အရိပ်တကြည့်ကြည့်နဲ့ ကြည့်ရှုစောင့်ရှောက်တတ်တာ အမေပါ)

* R = right (သားသမီးတွေကို မှန်ကန်စွာ လမ်းညွှန်ပြပေးတာ အမေပါ)

သို့ပါ၍ 'ပြာသိုလပြည့် အမေနေ့'နှင့်ပတ်သက်၍ အကြံပြုရပါလျှင် (က)အမေ့ကျေးဇူး၊ မိဘကျေးဇူးကို သာမန်လောကီနည်းဖြင့် ကျေးဇူးဆပ်လို့ မကုန်နိုင်ကြောင်းကို မဃဒေဝလင်္ကာကျမ်းမှာ 'အမိဟူသည်၊ လူတို့ပြည်ဝယ်၊ နို့ရည်တိုက်ကျွေး၊ ငယ်ကမွေးလျက်၊ နို့ကြွေးတင်ရုံ၊ မဆပ်တုံ့တည့်၊ ဤလောက၌၊ ဘကို လက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်သို့၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး'ဟု ရေးသားဆုံးမထားသည်။ (ခ)အမေဆိုသည်မှာ အနန္တောအနန္တ ငါးပါးဂိုဏ်းဝင်ဖြစ်သည်။ ဘုရားနှင့်တစ်ဂိုဏ်းတည်းထားရမည်။ သို့ကြောင့်လည်း 'မိဘကို သက်ရှိဘုရား' 'မာတာပိတု ဂုဏော အနန္တော'ဟု ဆိုကြခြင်းဖြစ်သည်။ မိခင်သည် ခင်ပွန်းကြီးဆယ်ပါးမှာ တစ်ပါးပါသည်။ ခင်ပွန်းကြီးဆယ်ပါးကို ကာယ၊ဝစီ၊မနော ပစ်မှားစော်ကားမိခဲ့သည်ရှိသော် တစ်သံသရာလုံးမှောက်တတ်သည်။ (ဂ)ကံကောင်းချင်ရင် အထူးတလည် ယတြာမချေပါနှင့်။ ယတြာမချေဘဲ ကံကောင်းသည့်နည်းက မိဘတို့ကို ပြုစုလုပ်ကျွေးခြင်းသာဖြစ်သည်။ (ဃ)အမေနေ့ရောက်မှ အွန်လိုင်းပေါ် အမေ့ဓာတ်ပုံတင် ချစ်ပြ၊လွမ်းပြရမည် မဟုတ်ပေ။ ပြာသိုလပြည့်တစ်ရက်တည်းသာ အမေနေ့ မဟုတ်ပေ။ နေ့စဉ်နေ့တိုင်းသည် အမေနေ့ဖြစ်ပါသည်။ (င)အမေသည် ရုပ်ရည်မချောချင်နေပါစေ၊ ပညာမတတ်ချင်နေပါစေ၊ မချမ်းသာချင်နေပါစေ အမေဟာ အမေဖြစ်သည်။ (စ)အကယ်၍ အမေ ကွယ်လွန်သွားရင်လည်း ဒီဘဝကျေးဇူးဆပ်စရာ မလိုတော့ဘူး၊ တာဝန်ပြီးဆုံးပြီလို့ မထင်လိုက်ပါနှင့်။ ကောင်းမှုကုသိုလ် တစ်ခုခုပြုလုပ်ပြီးတိုင်း နေ့စဉ်အမျှပေးဝေပါ။ သားသမီးဝတ္တရားငါးပါးနှင့်ညီ တာဝန်ကျေစေချင်ပါသည်။

### ပြာသိုလ ခွာညိုပန်း

ခွာနီ၊ ခွာဖြူ၊ ခွာညိုဟူ၍ အမျိုးမျိုးရှိသည်။ နိုင်ငံခြားဖြစ် ခွာညိုပန်းပြာမျိုးကိုလည်း ယခုအခါ တွေ့မြင်ရသည်။ မြူနှင်းဝေ၍ ချမ်းအေးလွန်းသော ပြာသိုလတွင် ပန်းပေါင်းစုံစွာဖူးပွင့်ကြသည့်အပြင်၊ ခွာညိုပန်းသည် ပြာသိုလ၏ ရာသီပန်းဖြစ်ပါသည်။ ငွေနှင်းစိုစိုဖြင့် ဖူးကြပွင့်ကြပြီး၊ ရနံ့ကြိုင်လှိုင်သင်းပျံ့သည်။ ခွာညိုပန်းသည် ပွင့်ဖက်ခွံအညိုရောင်သန်းသောကြောင့် 'ခွံညို'ဟု ရှေးကရေးသားခဲ့ကြသည်။ ယခုခေတ်တွင်မူ 'ခွာညို'ဟုသာ ခေါ်ဝေါ်ရေးသားကြသည်။

### ဆေးဖက်ဝင်တဲ့ ခွာညိုပန်း

နွယ်ပင်များအနက် နှစ်သက်ဖွယ်ကောင်းသော အပင်မှာ 'ခွာညိုပင်'ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ခွာညိုပင်မျိုးစိတ်ပေါင်း ၁၀၀ မျှရှိသည်။နှစ်ကြာရှည်ခံ အပင်မျိုးဖြစ်သည်။ အုတ်နံရံ၊ ခြံစည်းရိုး၊ သစ်ပင်တို့ကို နွယ်ပတ်၍ ပေါက်တတ်သည်။ မြန်မာနိုင်ငံရှိ ခွာညိုပင်ကို ရုက္ခဗေဒအလိုအားဖြင့် ကလီမက်တစ် ဆမီလာစီဖိုလီယာ (Clematis smilacifolia)ဟု ခေါ်သည်။ ရေမြေဒေသပေါ်လိုက်၍ တချို့နိုင်ငံများတွင် Clemátide Recta, Clematis recta, Clématite, Clématite Dressée, Clématite Droite, Ground Virginsbower, Upright Virgin's Bower, Virgin's Bower ဟုလည်း အမျိုးမျိုး ခေါ်ကြသည်။

လူအများစိုက်ပျိုးလေ့ရှိသော ခွာညိုမျိုးမှာ ပန်းဖြူမျိုးဖြစ်သည်။ အပွင့်များမှာ ဆွတ်ဆွတ်ဖြူ၍ အနံ့လည်း မွှေးသည်။ ခွာညိုပန်းပွင့်ချိန်တွင် တစ်ပင်လုံးမှာ ပွင့်ဖြူကလေးများ လွှမ်းနေ၍ ဝေဝေဆာဆာရှိသည်။ အပွင့်များပွင့်ပြီးနောက် အစေ့များသည် လေတိုက်ရာတွင် လွင့်ပါသွား၍ ပန်းမျိုးဖြန့်ကြသည်။ ခွာညိုပန်းပြာမျိုးသည် ဂျပန်နိုင်ငံ၌ စတင်ပေါက်ပွားခဲ့သည်။ အခြားတိုင်းပြည်များက ထိုပန်းမျိုးကို ဂျပန်နိုင်ငံမှ မျိုးယူ၍ စိုက်ပျိုးကြသည်။ ခွာညိုပန်းပြာမျိုးသည် မြေဩဇာထက်သန်ကောင်းမွန်သော မြေတွင်သာ ဖွံ့ဖြိုးစွာ ပေါက်ရောက်နိုင်သည်။

ခွာညိုပန်းခြောက်ကို အကျိတ်အဖု၊ အဖျား၊ အော့အန်ခြင်း၊ အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေသလုံး သွေးကြောထုံးခြင်း၊ အရေပြားဖက်ခွက်နာအမျိုးမျိုး၊ ဂေါက်ရောဂါ၊ အရိုးကျိုးခြင်း၊ အရေပြားရောင်ရမ်းနာများနှင့် ပြဿနာအမျိုးမျိုး၊ ခြေထောက်ဖောရောင်ခြင်း၊ အရေပြားထိခိုက်ရှနာများ၊ ရေယုံရောဂါနှင့် နှလုံးရောဂါများကုသရန်အတွက် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းဖော်စပ်လေ့ရှိသည်။ ခွာညိုစေ့များကို မီးယပ်နှင့် ဒူလာရောဂါများအတွက် ဘယဆေးများတွင် အသုံးပြုလေ့ရှိသည်။

ခွာညိုပန်းပြာကို ဂျပန်နိုင်ငံတွင် တွေ့ရပြီး ၄င်းပင်စည်မှအဆီကို ထုတ်ယူ၍ ဂျပန်ဆေးသုတေသီများက ဒူလာရောဂါအတွက် အသုံးပြုလေ့ရှိသည်။ ထို့ပြင် ဆောင်းရာသီ ခံတွင်းအပူကန်နာရောဂါအတွက် ခွာညိုပန်းခြောက်ကို ကြိတ်ချေ၍ အနာပေါ်လိမ်းအုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ ခေါင်းကိုက်၊ ခေါင်းမူးခြင်း၊ အိပ်ရေးမဝ၍ နွမ်းနယ်ခြင်းအတွက် ခွာညိုပန်းကို တဝကြီးရှူရှိုက်ပေးခြင်းဖြင့် လန်းဆန်းလာစေသည်။

အချုပ်အားဖြင့်ဆိုသော် မွှေးကြိုင်သင်းပျံ့ဆေးဖက်ဝင် ခွာညိုပန်းကလေးများကို ပြာသိုလတွင်သာ တွေ့ရတတ်သဖြင့် တခုတ်တရ ဘုရားလည်း ကပ်လှူ၊ ပန်ဆင်နိုင်ကြပါစေကြောင်း စာရေးသူမှ သတင်းကောင်းပါးလိုက်ရပါသည်။

စေတနာများစွာ

တင်ထက်ထက်ဇော်



# မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ် ၁၆ အခြေခံပညာအထက်တန်းကျောင်း၊ ပညာရတနာခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင်၂ ဦးဇော်ဖေ၊ မြို့နယ်ပညာရေးမှူး ဦးကျော်နိုင်သွင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများတက်ရောက်သည်။

ရှေးဦးစွာ အ.ထ.က ၁၄ ကျောင်းသား၊ ကျောင်းသူများက "စုံညီပွဲတော် တို့နွဲပျော်" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ဦးဇော်ဖေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကာယ၊ ဉာဏ ဘက်စုံ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်ဆုရ ကျောင်းများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်၍ အ.ထ.က ၅ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်း သီဆိုကာ အခမ်းအနားရုပ်သိမ်းခဲ့သည်။

ယင်းအခမ်းအနားတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ကာယ၊ ဉာဏဘက်စုံ ထူးချွန်ဆု၊ ကျောင်းသန့်ရှင်းရေးဆု စသည်ဖြင့် ဆုအမျိုးအစားပေါင်း ၁၃၇ ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၇၂)

# မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်းမှ ဆရာ၊ ဆရာမကြီးများအား ထောက်ပံ့ငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်း MRCAFမှ All regional ကန်တော့ခံ ဆရာ၊ ဆရာမကြီးများမှ အသက် (၉၀)နှစ်နှင့်အထက် ဆရာ၊ ဆရာမကြီးများ၊ အသက်(၈၅)နှစ်နှင့်အထက် ဆရာ၊ ဆရာမကြီးများအား ၆လတစ်ကြိမ် ရာသက်ပန် ဂါရဝပြုကျန်းမာရေးထောက်ပံ့လျက်ရှိသည်။

မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများဖောင်ဒေးရှင်း (MRCAF)မှ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက အသက် ၈၅ နှစ်အထက် ကန်တော့ခံဆရာကြီးဦးသန်းထွန်း (နိုင်ငံရေးသိပ္ပံ) အား ၂၀၂၅ခုနှစ် ဇွန်လအထိ တစ်လငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃သိန်း၊ တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက သီးခြားဂါရဝပြုငွေကျပ် ၁၂၅၀၀၀၊ စုစုပေါင်း ဂါရဝပြုငွေကျပ် ၄၂၅၀၀၀ကို ဂါရဝပြုကန်တော့၍ နေအိမ်သို့ သွားရောက်ပေးအပ်ခဲ့သည်။

အလားတူ ကန်တော့ခံ ဆရာမကြီး ဒေါ်မြသန်းနွယ် (ရူပဗေဒ)သည် လေဖြတ်ဝေဒနာ ခံစားနေရသဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကျန်းမာရေးထောက်ပံ့ငွေတစ်လငွေကျပ် ၄၀၀၀၀နှုန်းဖြင့် ပထမ(၆)လအတွက် ငွေကျပ် ၂၄၀၀၀၀ နှင့် တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက သီးခြားဂါရဝပြုငွေကျပ် ၁၂၅၀၀၀၊ စုစုပေါင်း ငွေကျပ် ၃၆၅၀၀၀အား နေအိမ်သို့ သွားရောက်၍ ဂါရဝပြု ထောက်ပံ့ပေးအပ်ခဲ့သည်။

**(အောက်ပုံ)**

**မောင်ပြည်သူ**



# မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကြီးမှူး Qualified Futsal Cup mandalay2025 ကျင်းပရေးဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၇**



မန္တလေးတိုင်းဒေသကြီး၊ ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကျင်းပမည့် Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲအတွက် သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များ အတည်ပြုနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက Min Khant Myanmar Sports Complex ရှိ ကော်မတီအစည်းအဝေးခန်းမတွင် ကျင်းပသည်။**(အပေါ်ယာပုံ)**

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့်ကော်မတီဝင်များတက်ရောက်ဆွေးနွေးခဲ့သည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးငွေကျပ်နှစ်သိန်း၊ အာမခံကြေး ငွေကျပ်တစ်သိန်းသတ်မှတ်ထားသည်။ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယငွေကျပ် ၇သိန်း၊ တတိယငွေကျပ် ၅သိန်း၊ အကောင်းဆုံးကစားသမားငွေကျပ် တစ်သိန်း၊ အကောင်းဆုံးဂိုးသမား ငွေကျပ် တစ်သိန်းဆုချီးမြှင့်မည်။

ပြိုင်ပွဲဝင်အသင်းတစ်သင်းတွင် ဂိုးသမားနှစ်ဦး၊ ကစားသမားအနည်းဆုံး ၁၂ ဦး၊ အများဆုံး ၁၆ ဦး၊ အုပ်ချုပ်နည်းပြအဖွဲ့ဝင် ၅ ဦး ပါဝင်ခွင့်ရှိပြီး မန္တလာဖူဆယ်လိဂ် ၂၀၂၄၊ ၂၀၂၃-၂၀၂၄ MNL Leage, MFF Futsal Leage ကစားဖူးသည့် ကစားသမားများ ပါဝင်ခွင့်မပြုကြောင်း၊ ပြိုင်ပွဲဝင်လျှောက်လွှာများကို ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ TG Futsal Court တွင် ပြိုင်ပွဲဝင်ကြေးနှင့် အာမခံကြေးပေးသွင်းကာထုတ်ယူနိုင်သည်။ ပြိုင်ပွဲကို ပထမအဆင့်အုပ်စုပတ်လည်စနစ်၊ ဒုတိယအဆင့် ရှုံးထွက်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပထမ၊ ဒုတိယရရှိသော အသင်းများ မန္တလာဖူဆယ်လိဂ် ၂၀၂၅သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ (၀၄၅)

# မြို့မဈေးတွင် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**ရေနံချောင်း ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ မြို့မဈေးတွင် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်မှုအား ဇန်နဝါရီ ၆ရက် နံနက် ၁၀ နာရီ၌ ဆောင်ရွက်ခဲ့ကြောင်း ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးဌာနက သိရသည်။

ထိုသို့ရေနံချောင်းမြို့နယ်ရှိ မြို့မဈေးမီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ်မီးသတ်ဦးစီးမှူးဦးကြည်စိုးဟန် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ဖြင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၇၂)

၀-၀-၀-၀-၀-၀-၀-၀



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ပလတ်စတစ်ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများကို စည်ပင်သာယာမြို့မဈေးကြီးနှစ်ခု၌ ဇန်နဝါရီလ ၆ ရက်၊ နံနက်ပိုင်းက ဌာနဆိုင်ရာများ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက မင်းဘူးမြို့စည်ပင်သာယာ မြို့မဈေးနှင့် စကုမြို့စည်ပင်သာယာမြို့မဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်များနှင့် ဒေသခံပြည်သူများအား ပလတ်စတစ်သုံးစွဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် ပလတ်စတစ်ညစ်ညမ်းမှုအား ဖြေရှင်းရန်နည်းလမ်းများ၊ ထိန်းချုပ်ခြင်းနည်းလမ်းသဘောတရားများ၊ သုံးစွဲမှုလျှော့ချရန်နည်းလမ်းနှင့် စည်းမျဉ်းများကို ပညာပေးဆောင်ရွက်ပြီး လက်ကမ်းစာစောင်ဖြန့်ဝေပေးကာ ပလတ်စတစ်ကြွပ်ကြွပ်အိတ်များအစား အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူအဟောင်းများနှင့် ဆွေးမြေ့လွယ်သော ထုပ်ပိုးမှုပစ္စည်းများအား အစားထိုးသုံးစွဲရေးကို အသိပညာပေးဆောင်ရွက်ခဲ့ကြသည်။



အဆိုပါပလတ်စတစ်ကြွပ်ကြွပ်အိတ်များသုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများကို စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးများနှင့်လူစည်ကားရာနေရာများတွင် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချရေးနေ့အဖြစ် သတ်မှတ်ပြီး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(ဓဲပုံ)

(၅၀၀)

# အာနန္ဒာဘုရားကြီး၏ (၉၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ညောင်ဦး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းမှစတင်ကာ ဘုရားကြီးတောင်ဘက်မုခ်တွင် သံဃာတော်များက အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်မည်ဖြစ်ကြောင်း အာနန္ဒာဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းချိုထံမှ သိရသည်။

အာနန္ဒာဘုရားကြီးသည် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကာ ဆယ့်နှစ်ပွဲဈေးသည်များ စုံလင်စွာလာရောက်ရောင်းချခြင်း၊ ဒေသခံဈေးသည်များမှ ဒေသထွက်ယွန်းထည်ပစ္စည်းများ ရောင်းချခြင်းနှင့် ဈေးရောင်း၊ ဈေးဝယ် အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်သည်။ တစ်လကျော်ကြာအောင် ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် ရိုးရာခြင်းပွဲများဖြင့် သရုပ်ပြအလှခတ်ခြင်းများဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်ထိ သံဃာတော်များက အသံမစဲပဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း ပြာသိုလပြည့်နေ့ နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းသပိတ်လုံး၊ ငွေပဒေသာပင်များဖြင့် လှူဒါန်းပူဇော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပညာရေး စုံညီပွဲတော်ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးချုပ် ဗိုလ်မှူးချုပ် ကျော်ထက်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)အဖွဲ့ဝင်(၄) ဦးအောင်မြတ်သာ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေ၊ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စမ်းစမ်းမာနှင့် ပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံ)မှ ညွှန်ကြားရေးမှူး ဒေါ်နော်ရှသ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးချုပ် ဗိုလ်မှူးချုပ်က အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးခွဲ(ကျိုင်းတုံ)မှ ညွှန်ကြားရေးမှူးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးချုပ်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများ၊ Clean and Green စံပြဆုရရှိသော ကျောင်းများကို ဆုချီးမြှင့်ခြင်းနှင့် အထိမ်းအမှတ်နေ့များအလိုက် ကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက တေးသီချင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသရုပ်ဖော်များဖြင့် ဖြေဖျော်တင်ဆက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

*-*-*-*-*

*-*-*-*-*-*-*

# တီဘီရောဂါအရှိန်အဟုန်မြှင့် ရှာဖွေဖော်ထုတ်ခြင်း ကွင်းဆင်းဆောင်ရွက်



**သရက် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းသား၊ကျောင်းသူများအား တီဘီရောဂါအရှိန်အဟုန်မြှင့် ရှာဖွေဖော်ထုတ်ခြင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက အခြေခံမူလတန်းကျောင်းမီးသွေးဖုတ်ကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်ဝင်းက တီဘီရောဂါ အရှိန်အဟုန်မြှင့် ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းစီမံချက်ပါ အကြောင်းအရာများကို ပြောကြားပေးခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ချောင်းဆိုးနေတာ (၂)ပတ်ကျော်ကြာနေပြီလား၊ ချောင်းဆိုးရင် သွေးသလိပ်ပါနေသလား၊ တငွေ့ငွေ့ဖျားပြီး ညဘက် ချွေးအလွန်ထွက်နေပါသလား၊ အစားစားချင်စိတ် မရှိဖြစ်နေပါသလား၊ ကိုယ်အလေးချိန် လျော့ကျသွားပါသလား၊ ကျော (သို့မဟုတ်)ရင်ဘတ်အောင့်နေပါသလား၊ မောပန်းလွယ်နေတယ်လို့ ခံစားရပါသလား၊ လည်ပင်း၊ ဂျိုင်း (သို့မဟုတ်) ပေါင်ခြံမှာ အကြိတ်ထွက်နေပါသလား စသည်တို့ ရှိ၊ မရှိ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**ဇော်ထက်(သရက်)**

လျှပ်စစ်
သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။

# လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းပြီး ယမန်နေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာနတွင် ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ရေးသားသည့် 'ဆရာကိုချစ်မှ စာကိုချစ်သည်' စာအုပ်စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ကျောင်းသူများအတွက် စာပေဖတ်ရှုလေ့လာရာတွင် ရရှိမည့်အကျိုးကျေးဇူးများ၊ ဗလငါးတန် ပြည့်စုံရေးသုတ၊ ရသစာအုပ်၊ စာစောင်များကို ဖတ်ရှုစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း အတွင်းရေးမှူး ဒေါ်ခင်ချို (သီတဂူ-ကျောက်ဆည်)က ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားသည့် 'ဆရာကိုချစ်မှ စာကိုချစ်သည်' စာအုပ်မှ ဆရာ့တန်ဖိုး၊ သုံးဖက်မြင်ဆရာ၊ ဘဝဆိုတဲ့ကျောင်းမှာ ဆရာကောင်းကလည်း ကျောင်းသားပါပဲ၊ ဆရာဆိုတာ ကျောင်းသားများကို လူစင်စစ်ဖြစ်အောင် သင်ပေးနိုင်ရပါမယ်၊ ဆရာများ ညီညာဖို့က ပဓာနပါပဲ၊ သီကုံးပန်းတွင် နေ့တိုင်းဆင်လော့ စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ပြီး ကျောင်းသူ၊ကျောင်းသားများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**

# လျှပ်စစ်ဓာတ်အား မျှတစွာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှပ်စစ်ဓာတ်အား (MW)အား မျှတစွာ သုံးစွဲနိုင်ရေး ဇမ္ဗူသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဇန်နဝါရီ ၆ ရက်မှစ၍ စီမံဆောင်ရွက်လျက်ရှိသည်။ ဓာတ်အားခွဲရုံ အမှတ်(၁)မှ ဓာတ်အားဖြန့်ဖြူးပေးထားသော ကံကော်ဖီဒါလိုင်းအား နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ သာယာကုန်းဖီဒါလိုင်းအား နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၄ နာရီခွဲမှ ည ၈ နာရီအထိလည်းကောင်း၊ သပြေကုန်းဖီဒါလိုင်းအား နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီအထိ လည်းကောင်း၊ ညနေ ၄ နာရီခွဲမှ ည၈နာရီထိလည်းကောင်း ဓာတ်အားပြတ်တောက်မည် ဖြစ်သည်။

အလားတူ ဓာတ်အားခွဲရုံ အမှတ်(၄)မှ ဓာတ်အားဖြန့်ဖြူးပေးထားသော ရွှေကြာပင်ရပ်ကွက် ဖီဒါလိုင်းအား နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီထိလည်းကောင်း၊ ညနေ ၄ နာရီခွဲမှ ည ၈ နာရီထိလည်းကောင်း၊ ဓာတ်အားခွဲရုံ(၆)မှ ဓာတ်အားဖြန့်ဖြူးပေးထားသော ခရေဖီဒါလိုင်းအကွက်ကြီး(၁+၂)ဖီဒါလိုင်း၊ အကွက်ကြီး(၃)ဖီဒါလိုင်း၊ အကွက်ကြီး(၄၊၅)ဖီဒါလိုင်း၊ အငြိမ်းစားအိမ်ရာဖီဒါလိုင်း၊ ပိတောက်ဖီဒါလိုင်းတို့အား နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီအထိ ဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး ဓာတ်အားရရှိမှုအပေါ်မူတည်၍ အချိန်အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။(၀၄၅)

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)တွင် တည်ရှိသော ဦးပိုင်အမှတ်(၉၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဘိုဘိုအောင်(၉/မရမ(နိုင်)၀၉၂၅၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ်(၈၅-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးတင်မြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ(ရေ+မီးမီတာ)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမျိုးဇေယျာထွန်း(ဘ) ဦးအောင်သန်း(၁၃/တယန(နိုင်)၀၄၃၆၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်စန္ဒီသန့်ဇင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ (၅၆-B)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၈၉၇၈၉၂၄၅၊ ၀၉-၇၇၇၂၂၂၃၅၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ၁၃လမ်းနှင့် ၁၄လမ်းကြား၊ ၈၁လမ်း၊ အကွက်(၅၄)နေ ဦးရာဂျင်ဒါန်း(ခ)ဦးလွင်ဦး+ဒေါ်သွယ်သွယ်နိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဒေါ်လွင်လွင်ဦး၊ ၂။ ဒေါ်နီနီဝင်း၊ ၃။ ဒေါ်နီနီနိုင်၊ ၄။ ဒေါ်စီမာထွေးတို့၏တူဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရာဂျင်ဒါန်း(ခ)ဦးလွင်ဦး+ဒေါ်သွယ်သွယ်နိုင်တို့၏သားဖြစ်သူ မောင်ဇင်ကိုလွင်(၉/အမဇ(နိုင်)၀၈၃၆၄၈)သည် မိဘများနှင့်အဒေါ်ဖြစ်သူတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် နေ့စဉ်နှင့်အမျှ အမျိုးမျိုးပြုလုပ်၍ မိမိသဘောဆန္ဒအတိုင်း မိဘများ၏နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်/တူအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားသူများ**

**ဦးရာဂျင်ဒါန်း(ခ)ဦးလွင်ဦး**

**(၉/မနမ(နိုင်)၀၆၉၁၁၆)**

**ဒေါ်သွယ်သွယ်နိုင်**

**(၉/မမန(နိုင်)၀၂၃၆၉၂)**

**ဖုန်း ၀၉-၄၀၂၅၇၀၈၂၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မြင့်(ခ)ဦးဖိုးကျော် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၇၁/ ၂၇-၉-၂၀၀၄)**

**ဒေါ်သင်းသင်းဌေး (LL.B) တရားလွှတ်တော်ရှေ့နေ**

**၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၃၁လမ်း၊ အခန်းအမှတ်(B-5)**

**ရတနာတိုင်းပြည်အိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၇၆**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်၊ ၁၅လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြားနေ ဦးမင်းမင်းစိုး(ဘ)ဦးမြင့်ဦး(၉/အမဇ(နိုင်)၀၇၁၅၂၇)နှင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ယဉ်ယဉ်စိုး(ဘ)ဦးကျော်စိုး(၉/ခအဇ(နိုင်)၈၂၅၀၄၇)တို့သည် မြန်မာဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး(၄-၁၂-၂၀၂၄)ရက်က အသိသက်သေများနှင့် လူကြီးသူမများ၏ရှေ့မှောက်တွင် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒများနှင့်အညီနှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းစိုးနှင့် ဒေါ်ယဉ်ယဉ်စိုးတို့သည်(၄-၁၂-၂၀၂၄)ရက်မှစ၍ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စနှင့်မျှပတ်သက်ဆက်ဆံခြင်း မရှိတော့ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းစိုးမှလည်း ဒေါ်ယဉ်ယဉ်စိုးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**

**ဦးမင်းမင်းစိုး**

**(၉/အမဇ(နိုင်)၀၇၁၅၂၇)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဆီ (LL.B)(တရားလွှတ်တော်ရှေ့နေ)**

**ဖုန်း ၀၉-၉၆၅၈၁၁၈၉၅**

## (ညည-၂၃) ဦးပိုင်အမှတ်(၆၈-ခ) ဧရိယာ(၀ ဒသမ ၀၃၁)ဧကထဲမှ မြောက်ဘက်ခြမ်း (၁၅ × ၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၃)၊ ဦးပိုင်အမှတ်(၆၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ "ဦးဉာဏ်ရင်"အမည်ဖြင့် ချထားပေးသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်ကို "ဦးဉာဏ်ရင်"ထံမှ "ဦးအောင်မြင့်(ဘ)ဦးအောင်ခင်"(၉/မနမ(နိုင်)၀၉၉၉၁၉)ကိုင်ဆောင်သူက (၂၀-၁၁-၁၉၉၆)ရက်ကလည်းကောင်း "ဦးအောင်မြင့်"ထံမှ "ဒေါ်ပပဝင်း(ဘ)ဦးအောင်ခင်"(၈/မလန(နိုင်)၀၀၃၈၀၁)ကိုင်ဆောင်သူက (၁၂-၃-၂၀၂၄)ရက်က အရပ်ကတိစာချုပ် အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် လွှဲအပ်ပိုင်ဆိုင်ခဲ့ပြီး လက်ထိလက်ရောက်နေထိုင်လျက်ရှိသည့် မြေကွက်ဖြစ်ပါသည်။

ဒေါ်ပပဝင်းနေထိုင်ပိုင်ဆိုင်လျက်ရှိသော အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မိမိနေထိုင်ပိုင်ဆိုင်လျက်ရှိသည့်မြေကွက်ကို လိုအပ်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)တွင်တည်ရှိသော ဦးပိုင်အမှတ်(၅၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ သံဖရိန်(၂)ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်ကျော်(၁/မကန(နိုင်)၁၉၀၈၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်နံပါတ်(၁၂၉-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးကိုလတ်(ခ)ဦးမောင်လတ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဇော်(ဘ)ဦးလှရွှေ(၉/ပဘန(နိုင်)၀၀၅၀၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **ဒေါ်အိအိမွန်(LL.B,LL.M)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသဇင်အောင်(LL.M)** — **ဒေါ်အေးနန္ဒာထွန်း(LL.B)** — **ဒေါ်မာလာစိုး(LL.B)** — **ဒေါ်ဖူးသန့်မွန်(LL.B)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်ကြပ်ကြီး မြအေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးစီ(ဘ)ဦးရီ(၉/မရမ(နိုင်)၀၃၂၃၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **ဒေါ်အိအိမွန်(LL.B,LL.M)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသဇင်အောင်(LL.M)** — **ဦးကြည်ယံ(LL.B)** — **ဦးစည်သူအောင်(LL.B)** — **ဒေါ်သဲမိုမိုထွန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၇၉-က)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ညိမ်း(၉/မနတ(နိုင်)၀၁၈၆၁၅၊ MDA-၁၁၄၅၉၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၈၆/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးလှ(DBN-၀၁၈၇၆၇)က တောဂရန် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အမည်မှန်

(ဘ)ဦးဝေဖြိုးအောင်၏ သမီး မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မယွန်းဝတီဖြိုး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မယွန်းဝတီဖြိုးဝေ ဖြစ်ပါကြောင်း။

**မယွန်းဝတီဖြိုးဝေ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI အား လက်ခံတွေ့ဆုံစဉ်။



✰ ရှေ့ဖုံးမှ

ကာကွယ်ရေး ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်နိုင်သည့် အခြေအနေများ၊ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး လိုအပ်မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Nassereddin HEIDARI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## ရှမ်းယူနိုက်တက်နှင့် တီရန်ဂါနူးအသင်းတို့ ပွဲစဉ်အကြို ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

Asean Club Championship/AFF Shopee Cup 2024-2025 အုပ်စု(A) ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် ရှမ်းယူနိုက်တက်နှင့် တီရန်ဂါနူးအသင်းတို့ ပွဲစဉ်အကြို ပွဲကြိုသတင်းစာရှင်းလင်းပွဲမှ နှစ်ဖက်အသင်းနည်းပြချုပ်များ၏ ပြောစကားများ အသီးသီး ပြောကြားခဲ့သည်။

မစ္စတာဟီရိုကီအိုနို ရှမ်းယူနိုက်တက်အသင်း နည်းပြချုပ်က "ရှေ့နှစ်ပွဲမှာ ရလဒ်မကောင်းခဲ့လို့ မနက်ဖြန်ပွဲက ကျွန်တော်တို့အတွက် အရေးကြီးပါတယ်။ တီရန်ဂါနူးအသင်းက ထိပ်တန်းကစားသမားတွေ ပိုင်ဆိုင်ထားတဲ့အသင်း။ ပြည်ပကစားသမားကောင်းတွေ ပိုင်ဆိုင်ထားတဲ့အသင်းပါ။ ဒါပေမယ့် အသင်းရဲ့ အားနည်းချက်တွေ အားလုံးကို ပြင်ဆင်ထားပါတယ်"ဟုပြောသည်။

Mr. Badrul Afzan Razali တီရန်ဂါနူးအသင်းနည်းပြချုပ်က "အသင်းအတွက် အားထားရတဲ့ ပြည်ပကစားသမား သုံးဦးမပါနိုင်ပါဘူး။ ဒါပေမယ့် local ပလေယာတွေအနေနဲ့ အကောင်းဆုံး ကစားသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ရှမ်းယူနိုက်တက်အသင်းက မြန်မာနေရှင်နယ်လိဂ် လက်ရှိချန်ပီယံဖြစ်လို့ ပြိုင်ဘက်ကို လေးလေးစားစား ယှဉ်ပြိုင်သွားမှာပါ။ နောက်တစ်ဆင့်တက်ရောက်ခွင့်အတွက် မနက်ဖြန်ပွဲက အနိုင်သုံးမှတ်ရဖို့ အရမ်းအရေးကြီးပါတယ်" ဟု ပြောသည်။

Asean Club Championship/AFF Shopee Cup 2024-2025 အုပ်စု(A) ပွဲစဉ်အဖြစ် ယနေ့ ညနေ ဖနာရီအချိန်တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် တီရန်ဂါနူးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

